http://www.cherrythitsar.org

BOOKMAN



မင်းခိုက်စိုးစန်

# ဆောင်းပြည့်တာတ်သူ
# တစ်ယောက်ရဲ့ည

http://www.cherrythitsar.org

**Bookman Publishing House**
အမှတ် ၁၄၊ (မြေညီထပ်)၊ လှည်းတန်းလမ်းမ၊
ကမာရွတ်၊ ရန်ကုန်မြို့။
[ ဖုန်း – ၅၁၂၄၁၈]

http://www.cherrythitsar.org

မင်းခိုက်စိုးစန် ချောင်းကြည့်တတ်သူတစ်ယောက်ရဲ့ည

■
စာအုပ်စာတမ်း စာနယ်ဇင်း
ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
[ ၉၉၈/၂၀၀၂(၁၀) ]
စာအုပ်စာတမ်း မျက်နှာဖုံး
ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
[ ၁၈၃/၂၀၀၃(၂) ]

■
ပထမအကြိမ်၊ Bookman Publishing House၊ ဇွန် ၂၀၀၃ ခုနှစ်။
အုပ်ရေ (၁၀၀၀)

မျက်နှာဖုံး
ဗဂျီလင်းဝဏ္ဏ
ကွန်ပျူတာနှင့် အတွင်းဒီဇိုင်း
ဖိုးဇော်

■
ဒေါ်မိုးကေခိုင် (၀၁၆၉၂)၊ ချိုတေးသံစာပေ၊
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်မှထုတ်ဝေ၍
ဒေါ်နီနီခိုင် (၀၇၁၃၅)၊ သီရိမေပုံနှိပ်တိုက်၊
အမှတ် ၁၉၊ လမ်း ၉၀၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်၊
ရန်ကုန်မြို့မှ မျက်နှာဖုံး နှင့်အတွင်းစာသားများကို ပုံနှိပ်သည်။

■
တန်ဖိုး (၃၀၀) ကျပ်

http://www.cherrythitsar.org

**မင်းခိုက်စိုးစန်**

# ချောင်းကြည့်တတ်သူတစ်ယောက်ရဲ့ည

http://www.cherrythitsar.org

# အခန်း(၁)
# အနက်ရောင်မိန်းမ

ငါ့မှာ . . . သုံးရာသီကို တစ်ရက်စွန်းတဲ့အထိ
မင်းရဲ့ မိုးတိမ်တွေနဲ့ပဲ သာယာနေမိတယ် . . .
ကောင်မလေးရေ . . .
မင်း ဘယ်တော့ရွာချလိုက်မှာလဲ . . .!!!
မြေကြီးထဲက သံယောဇဉ်အမြစ်တွေ
အိပ်မက်နဲ့ပဲ စိုစွတ်နေရပေါ့. . .

(၁၉၉၁)

(ကောင်မလေးရဲ့ မိုးလေဝသ)

BOOKMAN
Publishing House

http://www.cherrythitsar.org

ညတိုင်း ညတိုင်း . . . သည် ပြတင်းမှန်တရုတ်ကတ်များ အကြားမှ သူ ချောင်းကြည့်နေဖြစ်သည်။ သူ့နေရာမှ လှမ်းကြည့်လိုက်လျှင် ဟိုး ခပ်လှမ်းလှမ်းမှ အဖြူရောင်တစ်ထပ်တိုက် ပုပုကလေး၏ အုတ်ကြွပ်မိုးပေါ် လရောင်တွေ ရေခဲမှုန် သီးသလို ဖုံးအုပ်နေသည်ကို မြင်ရ၏။ လေတိုက်သည့်အခါ ဇီဇဝါပန်းရုံမှ အခက်အလက်တွေ ညင်ညင်သာသာယိမ်းသွားတတ်သည်ကိုလည်း မြင်ရ၏။ နူးညံ့ဖြူဆွတ်သောအလင်းပါးပါးထဲတွင် ညမွှေးပန်းပွင့်တို့ နှင်းရည်ဆွတ်သလိုလက်ပစွာ ပွင့်နေကြသည်ကိုလည်း မြင်ရ၏။ သစ်ပင်ချုံရိပ်ရှိသည့် နေရာတချို့မှလွဲ၍ လရောင်ဖွေးဖွေး ပြန့်တင်းကာလင်းနေသည့် မြေကွက်လပ်ကျယ်ကျယ်ကလေးကိုလည်း

http://www.cherrythitsar.org



မြင်ရသည်။ အမှောင် ပြောက်တိပြောက်ကျားနှင့် နှင်းလိုလို မြူလိုလို ဝေးဝါးနေသော အခိုးအငွေ့များကြားတွင် အမည်မသိသူ တစ်စုံတစ်ယောက်၏ ကိုယ်သင်းရနံ့ကိုလည်း ရှူလိုက် ရှိုက်လိုက်ရသလို ဝိုးတဝါးမြင်လိုက်ရသလို သူ ထင်သည်။

နောက်ပြီး . . .

ထို တိုက်ပုကလေး၏ အစွန်ဘက်ဆုံးအခန်း မှန်ပြတင်းတွင် . . . အခန်းထဲမှ ထွန်းထားသော မီးရောင်ကြောင့် ပြတင်းမှန်ပေါ် အရိပ်လာထင်နေသော မိန်းမပျိုတစ်ယောက်၏ အသွင်သဏ္ဌာန်ခပ်ဝါးဝါးကိုလည်း သူမြင်ရလေသည်။

♏

ပိုးကောင်မွှားကောင်ကလေးများ၏ အော်မြည်သံစူးစူးကို ကြားနေရသည်။ ညသည် အေးစက်တောင့်တင်းကာစပြုနေပြီဟု သူ သတိထားလိုက်မိ၏။ အခန်းထဲတွင် လေမတိုးမတိုက်ပါဘဲနှင့် ရုတ်တရက် ချမ်းစိမ့်စိမ့်ဖြစ်သွားသလို ခံစားလိုက်ရသည်။ စိတ်ကထင်လို့လား။ ဖြစ်နိုင်သည်။ သူ ဖတ်လက်စစာအုပ်ကို အာရုံဝင်စား၍ မရတော့။

ရှစ်နာရီထိုးကာနီးပြီပဲ။ အခုလောက်ဆို 'သူမ' ဘာလုပ်နေမှာပါလိမ့်။ ထုံးစံအတိုင်း စာကြည့်စားပွဲမှာထိုင်ပြီး တစ်ခုခု ရေးနေလေမလား။ ဒါမှမဟုတ် ကြက်မွေးတံမြက်စည်း

BOOKMAN
Publishing House

http://www.cherrythitsar.org



တစ်ချောင်းနဲ့ အခန်းထဲမှာ ဟိုဟိုဒီဒီ ဖုန်လိုက်သုတ်နေမလား။ ဒါမှမဟုတ် အားကစားလေ့ကျင့်ခန်း ပေါ့ပေါ့ပါးပါးတစ်ခု လုပ်နေလေမလား။

သူ ပြတင်းပေါက်ဆီ ထသွားပြီး ဟိုဘက် တိုက်ပုကလေးကို ချောင်းကြည့်လိုက်ချင်စိတ် ပေါ်လာ၏။ ဟင့်အင်း၊ မကောင်းဘူး။ မိန်းမတစ်ယောက်ကို ချောင်းကြည့်တယ်ဆိုတာ အင်မတန် အောက်တန်းကျတဲ့ကိစ္စပဲ။ တော်ပြီ၊ ငါ မနေ့ညက ဆုံးဖြတ်ထားတဲ့မတိုင်းပဲ။ ဘယ်တော့မှ အဲဒီအခန်းကို မကြည့်တော့ဘူး။

သူ ခုတင်ပေါ်တွင် လှဲမြဲအတိုင်း လဲလျောင်းနေရင်း စာအုပ်ကိုသာ အားစိုက်ဆက်ဖတ်နေလိုက်သည်။ အိုကေ . . . ကြည့်စမ်း ဘယ်လောက် စိတ်ဝင်စားစရာကောင်းလိုက်သလဲလို့ . . .။ ချာနိုဘိုင်းလ်စက်ရုံ ပေါက်ကွဲရာဒေသနှင့် မိုင် ၆၀ ဝန်းကျင်အတွင်းရှိ လူများမှာ နောင်အနှစ် ၃၀ အတွင်း သွေးကင်ဆာ၊ အခြားကင်ဆာများဖြင့် သေဆုံးမှုများပြားနိုင်သည်။ ကဲ . . . ဒါဟာ စိတ်ဝင်စားစရာကိစ္စတစ်ခု မဟုတ်ဘူးလားလို့။ နျူကလီးယားစက်ရုံတစ်ခု ပေါက်ကွဲတာဟာ လူသတ်မှုပါပဲဟု သူ တွေးနေမိသည်။ ထိုကိစ္စသည် ပါဏာတိပါတကံထိုက်စေသည်ဆိုပါလျှင် ယမမင်းရှေ့တွင်မည်သူ့ကို စွဲချက်တင်ရမည်လဲ။ ဇာတ်ပွဲများတွင် တွေ့ရတတ်

http://www.cherrythitsar.org



သော ခပ်ကြောင်ကြောင်ပြကွက်မျိုးနှင့်သာဆိုလျှင် အချွန်အတက်ပါသော ပြောင်ပြောင်လက်လက် အဝတ်အစားများ ဝတ်ဆင်ထားသည့်(ရုံဖန်ရုံခါတွင် နှုတ်ခမ်းမွေးကားကားကြီးဖြစ်အောင် အညှံ့စားဆေးဖြင့် ဖြစ်ကတတ်ဆန်း ခြယ်ထားသည့်) ယမမင်းကြီး၏ ရှေ့တွင် နျူကလီးယားခေါတ်ပေါင်းဖိုကြီးကို ချထားရပေလိမ့်မည်။ယမမင်းကတော့ ပလ္လင်ပေါ်တွင် ငုတ်တုတ်ကလေး ထိုင်ပစေပေါ့...။

ဟင့်အင်း . . .၊ ခေါတ်ဌွေ့များ ယိုစိမ့်ထွက်နေသည့် နျူကလီးယားခေါတ်ပေါင်းဖိုတစ်ခု၏ ရှေ့တွင် ထိုင်ဖို့ဆိုလျှင် ယမမင်းကို အချွန်အတက်များ၊ ဘယက်ဒွါဒရာများ ဝတ်ဆင်ပေးထားသည်ထက် ခေါတ်ငွေ့ကာဝတ်စုံ တစ်ထည်လောက် ပေးထားသည်က ပိုသင့်တော်လိမ့်မည်ဟု သူ တွေးမိ၏။ ဆန္ဒရှိလျှင် ယမမင်းကြီး ထိုဝတ်စုံ ဝတ်ပြီး အမှတ်တရခေါတ်ပုံတစ်ပုံလောက် ရိုက်ချင်ရိုက်ထားပါစေလေ။ စင်စစ် လူသတ်မှုဆိုသည်မှာ စွဲချက်တင်မည့်သူကို စောင့်မျှော်နေရရှာသောအူကြောင်ကြောင် သတို့သမီးတစ်ယောက်သာ ဖြစ်ကြောင်း သိသွားဖို့ လိုအပ်ပါသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျော့ရှုဇ်က “မတော်တဆဖြစ်ပွားမှုတစ်ခုဟာ အိမ်နီးချင်းနိုင်ငံတွေကိုပါ ထိခိုက်မှုတွေ ဖြစ်လာနိုင်တဲ့ အလားအလာ ရှိတဲ့အခါ အပြည်ပြည်

BOOKMAN
Publishing House

http://www.cherrythitsar.org



ဆိုင်ရာ ဥပဒေအရ . . . ”အင်း . . . အိမ်နီးချင်းနိုင်ငံတွေတဲ့လား။ ငါ့ပြတင်းပေါက်က လှမ်းကြည့်လိုက်ရင် မြင်နေရမယ့် အဲဒီကောင်မလေးနဲ့ ငါနဲ့ဟာ အိမ်နီးချင်းနိုင်ငံတွေပေါ့. . .။

သူ ချောင်းချောင်းကြည့်နေခြင်းသည် သူမ၏ နိုင်ငံကို ထိခိုက်မှု ဖြစ်စေနိုင်ပါသလား။ ဟင့်အင်း . . . သူမအဲဒီအခန်းမှာ ရှိနေတာကိုက ငါ့ရဲ့အတွင်းစိတ်ကို လာထိခိုက်နေတာပါ။ ကောင်းမလေးရေ . . .၊ မင်းနဲ့ငါနဲ့ကြားမှာ အပြည်ပြည်ဆိုင်ရာ ဥပဒေတစ်ခု ပြဌာန်းဖို့ လိုအပ်နေပေါ့ . . .။

သူ ဖျတ်ခနဲ သတိရသွား၏။ ဘုရားရေ . . .။ ငါ့စိတ်တွေ ဘယ်လွင့်သွားတာပါလိမ့်။ သူ ခေါင်းကို ဆတ်ခနဲ ခါရမ်းပြီးအသိစိတ်ကို နိုးကြားလာအောင် ဆွလိုက်သည်။ ငါ စာဖတ်နေတယ် . . . ငါ စာဖတ်နေတယ် . . .။ ဆိုဗီယက်တွေက ချာနိဘိုင်းလ်စက်ရုံကို . . .၊ အဲဒီပြတင်းပေါက်က ကောင်မလေးရဲ့ ဆံပင်ရှည်ရှည်လျားလျားတွေနဲ့ . . .၊ ဥရောပနိုင်ငံတွေမှာ ရေဒီယိုသတ္တိကြွမှုတွေကို. . .၊ မင်းရဲ့မျက်နှာကလေးကို တစ်ခါလောက် မြင်ခွင့်ရချင်တယ်၊ ကောင်မလေးရေ . . . လသာတဲ့ညတွေမှာ ခြံထဲဆင်းပြီး ပန်းတွေခူးဖို့ ဒါမှမဟုတ် (ရရ၊ မရရ) သီချင်းတစ်ပုဒ်လောက်ဆိုဖို့ကောင်းတဲ့အကြောင်း ခပ်ညံ့ညံ့ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲမှာ မင်းမတွေ့

http://www.cherrythitsar.org



ဖူးဘူးလား။ ဆိုဗီယက် အရပ်ဘက်ဆိုင်ရာ နျူကလီးယား အစီအစဉ်တစ်ခုလုံးကို . . .၊ သူမအခန်းနဲ့တည့်တည့်မှာ နေထိုင်တဲ့ လူတစ်ယောက်ရဲ့အကြောင်းကို သူမ သတိထားမိဖို့ ဘာတွေများ လိုအပ်နေမှာပါလိမ့်။ အချက်ပြ မီးကျည်တစ်စုံလား၊ အက်စ်အိုအက်စ် ကြိုးမဲ့ကြေးနန်း သတင်းပို့ချက်လား၊ ကမ္ဘာလုံးထဲမှာ ဆိုင်ကယ်စီးပြဖို့လား၊ တကယ်တမ်းကျတော့ ငါကိုယ်တိုင်တောင် အဲဒီအိမ်ကို 'သူမ' ဘယ်အချိန်က စရောက်လာတယ်ဆိုတာ သတိမထားမိခဲ့တာ . . .။ ငါ ပထမဦးဆုံး အဲဒီပြတင်းပေါက်ကို အမှတ်တမဲ့ လှမ်းကြည့်မိတဲ့အခါ . . .

ဘုရား. . .ဘုရား. . .၊ ငါ စိတ်တွေ လွင့်နေပြန်ပကော။ ဟင့်အင်း. . .မတွေးနဲ့. . .မတွေးနဲ့၊ ငါ စာဖတ်နေတယ်. . . ငါ စာဖတ်နေတယ်. . .။ ငါ. . .စာဖတ်နေတယ်. . . ငါ. . . စာဖတ်နေတယ်. . .၊ တောက်!!!

မရတော့ပါ။ အင်းလေ. . .ငါ့စိတ်ကို ငါထိန်းဖို့ အတတ်နိုင်ဆုံး ကြိုးစားခဲ့ပြီးပြီပဲ၊ ရမှ မရတာ၊ ငါ့တာဝန်ကုန်ပြီ. . . ဟု သူ့ကိုယ်သူ(သိပ်မလှပသော၊ မကြာခဏ သုံးရလွန်းသောကြောင့် ရိုးလည်း ရိုးစင်းနေပြီဖြစ်သော) ဆင်ခြေတစ်ခုပေးလိုက်၏။ ထို့နောက် စာအုပ်ကို ခုတင်ပေါ်တွင် ပစ်ချထားခဲ့ပြီး သူ ခုန်ဆင်းလိုက်သည်။ ထိုင်ခုံအပုကလေးကို

http://www.cherrythitsar.org



ဆွဲယူသည်။ ပြတင်းပေါက်အနီးတွင် ထိုင်ခုံကို ချလိုက်သည်။ သူ့လှုပ်ရှားမှုတွေ အနည်းငယ် မြန်ဆန်နေမှန်း သူ့ဘာသာသူ သိသော်လည်း မသိသလိုပင် အောက်မေ့လိုက်၏။

နောက် . . . မှန်တရုတ်ကတ်တံခါးကို ဖြည်းညင်းစွာ သူ ဖွင့်လိုက်သည်။

'သူမ'ကို လှမ်းမြင်ရလေသည်။

နံ

ပြတင်းမှန်ပေါ်တွင် မိန်းမတစ်ယောက်၏ ဘေးတိုက်ပုံအရိပ်ကို မြင်နေရသည်။ စာပွဲတစ်လုံး၏ ရှေ့တွင် ထိုင်နေပုံမျိုး ရှေ့ဘက် ခပ်ငိုက်ငိုက်အနေအထား ဖြစ်၏။ တစ်စုံတစ်ရာကို ရေးခြစ်နေခြင်း သို့မဟုတ် စာအုပ်တစ်အုပ်ကို ဖတ်နေခြင်း ဖြစ်ပေလိမ့်မည်။

မှန်တံခါးပေါင် သစ်သားပေါ် ဖြတ်သန်းသွားသည့်နေရာတချို့မှအပ ကျန်သည့်အရိပ်အနားသတ်မျဉ်းသည် တိတိကျကျပင် ပေါ်လွင်နေသည်။ (သူ့စိတ်က ဝင်၍ဆုံးဖြတ်နေတာလည်း ဖြစ်ချင်ဖြစ်နေနိုင်ပါသည်) နှာတံဖြောင့်ဖြောင့်သည်လည်းကောင်း၊ နှုတ်ခမ်းလုံးလုံးကလေးသည်လည်းကောင်း၊ မေးစေ့အောက်ဖက်မှ လည်တိုင်ဆီသို့ သွယ်ဆင်းသွားသည့် ထောင့်ကျဉ်းမျဉ်းကွေးသည် လည်းကောင်း

http://www.cherrythitsar.org



အနက်ရောင်အရိပ်နယ်ပယ်၏ အဆုံးသတ်၊ ပြေပြစ်သော တစ်ဆက်တည်းမျဉ်း ဖြစ်၏။

တစ်ခုပဲ ဆိုးသည်။ သူမ၏မျက်လုံးများ မည်သို့နေမည် မသိ။ နောက်. . .သူမ၏အသား ဖြူသလား၊ ညိုသလား။ ထားလိုက်တော့ . . .ကိစ္စမရှိပါ။ ကြေးနီရောင်ဒိုင်းတစ်ခုဆန်ဆန် ခန့်ညားကျက်သရေရှိစွာ ညိုချင်လည်း ညိုပေလိမ့်မည်။ တိမ်တိုက်တို့ဖြင့် ထုဆစ်ထားသော အလင်းနတ်သမီး၏ ရုပ်တုတစ်ခုလို နူးညံ့နွေးထွေးစွာ ဖြူဆွတ်ချင်လည်း ဖြူဆွတ်နေပေလိမ့်မည်။ အသားအရောင်ကိစ္စတွေကို ထားခဲ့တော့. . .၊ ဟောသည်မှာ 'သူမ'သည် 'သူမ'သာလျှင် ဖြစ်သည်။ (ယခုအချိန်တွင် အမေရိက လူဖြူလူမည်းခွဲခြားပြဿနာလို ပေါ်ပေါက်လာလျှင် သူကတော့ မည်သည့်ဘက်ကိုမှ ထောက်ခံလိမ့်မည်မဟုတ်ပါ)

ရွှေရောင်လက်သော ဝတ်ဆံမှုန်တို့ဖြင့် သူမကို သိမ်းပိုက်ထုပ်ပိုးချင်သည်။ သလင်းကျောက်ဖြူသား ရင်ပြင်ထက်တွင် ငါ့ရင်ခွင်မှထွက်သော အချစ်၏ ရနံ့တို့ဖြင့် နန်းတော်တစ်ဆောင် ဆောက်လုပ်ပေးပါမည်။ ရယ်သံ တစ်ဝက်တစ်ပျက်ကို ဖမ်းယူလျက် သူမ အလှကြည့်ရန် ငှက်တစ်ကောင်အဖြစ် လှောင်ချိုင့်ထဲတွင် မွေးထားပေးပါဦးမည်။ မနက်ခင်းတိုင်းကို ခရမ်းရောင်ပန်းတစ်ပွင့်အဖြစ် ညင်ညင်

http://www.cherrythitsar.org



သာသာ ပွင့်စေပါမည်။ သူမကို ခြောက်လှန့်မနိုးထစေရက်ပါ။ တစ်သက်လုံးဆိုသည်မှာ ဘယ်လောက်ကြာကြာကို ဆိုလိုပါသလဲ။ သူမကို တစ်သက်လုံး၏ နောက်တစ်နေ့တွင် အချစ်အကြောင်းပြောရင်း စပျစ်သီးကလေးများ ခွံ့ကျွေးမည်။ ကံ့ကော်ပွင့်ဖတ်ကလေးများဖြင့် စီထားသည့် ငါ့အနမ်းကို ပဝါတစ်ထည် ရက်ကာ သူမ နံနက်အိပ်ရာထတိုင်း မျက်နှာကို ဖွဖွသုတ်ပေးမည်။ ကျေးဇူးပြု၍ မရယ်ကြပါနှင့်။ အချစ်ကို ဟာသတစ်ခုဟု အောက်မေ့သူသည် အရိုင်းအစိုင်း ဖြစ်သည်။ ထိုသူ့ကို တိရစ္ဆာန်ရုံကို ပို့လိုက်ကြပါ။ အပြာရောင်စွတ်စိုသော ကောင်းကင်၏အိပ်ရာတွင် လိပ်ပြာတစ်ကောင်၏ နှလုံးသားသည် လမင်းယောင်ဆောင်နေပြီ။

⁂

ညတိုင်းညတိုင်း၊ ပြတင်းမှန်တရုတ်ကတ်များအကြားမှ သူ ချောင်းကြည့်နေဖြစ်သည်။

❒

BOOKMAN
Publishing House

http://www.cherrythitsar.org

# အခန်း( ၂ )
# အဝါရောင်မိန်းမ

ကမ္ဘာကြီးတစ်ခုလုံးဟာ
အမွေးစုတ်ဖွား ခွေးကလေးတစ်ကောင်ပါပဲ. . .
ကြည့်လေ. . .
ချစ်သူရဲ့ခြေဖမိုးပေါ်
ခေါင်းတင်ပြီး အိပ်စက်နေတာ. . .။

(၁၉၉၁)
(ချစ်သူ. . .)

BOOKMAN
Publishing House

http://www.cherrythitsar.org

သံသရာလည်ခြင်းဆိုသည်မှာ အသစ်ကတဖန် ပြန်စခြင်းဖြစ်သည်ဟု ပြောသံကြားဖူး၏။ သူ့ဘဝတွင် (ဖြစ်နိုင်လျှင်) အသစ်ကတဖန် ပြန်လည်စတင်ချင်သော ကိစ္စများစွာ ရှိပါသည်။ ဥပမာ. . . သူ၏မွေးနေ့ကို စနေနေ့မှ တနင်္လာနေ့သို့ ပြောင်းရွှေ့ချင်သည်။ အလယ်တန်းကျောင်းသားဘဝက ရေးခဲ့ရသည့် 'ကျွန်တော်၏ ရည်မှန်းချက်' စာစီစာကုံးတွင် ဆရာဝန်တစ်ယောက် ဖြစ်ချင်ကြောင်း ရေးခဲ့သည်ကို ပြန်ပြင်၍ ရေးချင်သည် . . . စသဖြင့် ပြန်ပြင်စရာ

BOOKMAN
Publishing House

http://www.cherrythitsar.org



တွေ အတော်များ၏။ သို့သော် ယခုအချိန်အထိတော့ မည်သည့်အရာကမျှ အသစ် ပြန်ဖြစ်မလာခဲ့ပါ။

'သံသရာသည် အဆက်မပြတ်လည်နေသော ဘီးဝိုင်းတစ်လုံး' ဆိုသည့် အချက်သာ မှန်ကန်ခဲ့ပါလျှင် ထိုဘီးကို မော်တော်ကားတွင်တပ်၍ မောင်းကြည့်ချင်၏။ အလိုလိုနေရင်း လည်နေသောကြောင့် ထိုကားသည် ဓာတ်ဆီအကုန်သက်သာမည်မှာ သေချာပါသည်။ ရူပဗေဒစာအုပ်တစ်အုပ်ထဲတွင် အရာဝတ္ထုများ လည်ပတ်သောအခါ စွမ်းအင်တစ်မျိုးထွက်လာသည်ဟု ဖတ်ဖူး၏။ သံသရာကြီးလည်နေသောအခါ ဘာတွေ ထွက်လာသနည်း။ ရှေ့ဘဝနောက်ဘဝ ရှိသည်ကို ယုံကြည်မှ ဗုဒ္ဓဘာသာဝင်စစ်စစ်ဖြစ်မည်ဟု ပါးစပ်က တဖွဖွပြောရင်း လက်ငင်းဘဝကိုတော့ လည်သလိုလုပ်ကိုင်စားကာ ဖြုန်းတီးပစ်လိုက်ကြသူတွေလား။ 'ကံသာလျှင်ရှေ့သွားဖြစ်၏' ဟု လူရှေ့သူရှေ့တွင် ရွတ်ပြပြီးနောက်ဖေးပေါက်မှ ဝင်လာသော လက်ဆောင်ပစ္စည်းများကိုတော့ 'အံသွား'ကလေးဖြင့် ကြိတ်ဝါးတတ်ကြသူတွေလား၊ သိဒ္ဓိဟုခေါ်သော ဘာမှန်းမသိသည့်အရာများ တင်ထားသည့် ပုတီးနှင့် အဆောင်လက်ဖွဲ့တွေလား၊ ဆိတ်တစ်ကောင် သစ်ရွက်ဝါးသလို ပါးစပ်တလှုပ်လှုပ် ရွတ်ရသည့်ဂါထာမန္တရားတွေလား။

BOOKMAN
Publishing House

http://www.cherrythitsar.org



အကယ်၍ တကယ်တမ်းသာ ဖြစ်နိုင်မည်ဆိုပါလျှင် သူ ပြင်ဆင်ချင်သော အရာများစွာ ရှိပါသည်။

⁂

လောလောဆယ်တွင်မူ သူ့အတွက် ပြန်လည်ပြင်ဆင်ရန် အရေးတကြီးလိုအပ်နေသည့်ကိစ္စမှာ အဝါရောင်ကောင်မလေးတစ်ယောက်ကို ချစ်ရေးဆိုခဲ့မိခြင်း ဖြစ်ပါသည်။

⁂

ထိုကောင်မလေးနှင့် သူ တွေ့ဆုံဖြစ်ကြပုံမှာ သူလိုငါလို ရိုးရိုးကလေးပင် ဖြစ်သည်။ နောက်ခံတီးလုံးအဖြစ် တယောတေးသွားများ မပါ။ ပန်းပွင့်ပေါ် လိပ်ပြာတစ်ကောင် နားလိုက်ခြင်း အစရှိသည့် နိမိတ်ပြပုံများ မပါ။ နွေးထွေးချိုမြိန်သည့် ရင်ခုန်သံများ မပါ။ (ပြီးခဲ့သည့်ညက ဝမ်းနုတ်ဆေး စားထားမိသောကြောင့် ဗိုက်ထဲတွင် နည်းနည်းတော့ ရစ်တစ်တစ် ဖြစ်နေ၏။) လေညင်းကလေးများလည်း မတိုက်၊ ကောင်းကင်ကြီးကလည်း ခါတိုင်းနေ့များထက် ပို၍ ပြာလဲ့နေသလား၊ မနေသလား သူ မသိခဲ့ပါ။ သူက လမ်းသွားလျှင် အလကားနေရင်းထိုင်ရင်း ကောင်းကင်ကြီးကို မော့မော့ကြည့်တတ်သူ မဟုတ်သော ကြောင့် ဖြစ်၏။

http://www.cherrythitsar.org



တကယ်တမ်းတွင် လက်တွေ့ဖြစ်ရပ်များသည် လူတွေ စိတ်ကူးယဉ်ဖို့ ကောင်းစေရန် ဝတ္ထုဆန်ပေးနေကြသည် မဟုတ်ပါ။

⁂

'သရဖူမိတ္တူဆိုင်'ဟု ဆိုင်းဘုတ်တပ်ထားသော ဆိုင်ခန်းအတွင်းသို့ သူ ဝင်လိုက်သည်။ စက္ကူများ အထပ်လိုက် စီထည့်ထားသည် မှန်ဗီရိုနောက်တွင် ကောင်မလေးတစ်ယောက် ရပ်နေသည်ကို မြင်ရ၏။ သူက . . .

"မိတ္တူကူးချင်လို့၊ တစ်စောင်ကို ဘယ်လောက်ယူသလဲ"

ကောင်မလေးက . . .

"တစ်စောင်နှစ်ကျပ်ပါ၊ များရင်တော့ လျှော့ပေးပါတယ်၊ ချုံ့ရင်တော့ ငါးကျပ်၊ ရှင်က ချုံ့မှာလား"

အိုး . . . ဘယ်လိုအသံမျိုးပါလိမ့်။ သူမ၏အသံက သူ့ကို ချက်ချင်းဖမ်းစားလိုက်သည်။ ကဲကွယ် . . ကြည့်စမ်း၊ မိန်းမတစ်ယောက်က ရင်ခေါင်းထဲကလာတဲ့ အသံရင့်ရင့်နဲ့ ပြောလိုက်တာကို။ ပြောပြီးပြီးချင်း လေထဲမှာ ပျောက်ကွယ်မသွားဘဲ ဂယက်တွေထပြီး ကျန်ခဲ့တဲ့အသံမျိုး။

သူ ထိုမိန်းကလေး၏ မျက်နှာကို အသေအချာ မော့ကြည့်ဖြစ်၏။ နဖူးပေါ်တွင် ဝဲကျနေသော ဆံမျှင်တချို့တလေ

http://www.cherrythitsar.org



မှလွဲလျှင် မျက်နှာတစ်ခုလုံး အဝါရောင်ဝင်းပနေသည်။ မျက်ခုံးသည် နှာတံအရင်းနှင့် ထိစပ်သည့်နေရာအထိ ခပ်ရေးရေး ပေါက်နေ၏။ စတော်ဘယ်ရီရောင်ခပ်နုနု သုတ်လိမ်းထားသည့် နှုတ်ခမ်းသည် ရွှေငါးကလေးတစ်ကောင်၏ ပါးစပ်လို ဟစိစိ ဖြစ်နေသည်။

ချစ်စရာကောင်းသော ထိုကောင်မလေး၏မျက်နှာကို ကြည့်ပြီး ဘာကြောင့်မှန်းမသိဘဲ သူ ရယ်ချင်လာသည်။ တစ်ခုခု နောက်ပြောင်လိုက်ရရင် ကောင်းမှာပဲဟု မဆီမဆိုင် တွေးမိ၏။ ကောင်မလေးသည် သူ့မျက်စိထဲတွင် ထင်းရှူးပင်ပုပုကလေးနှင့် တူနေလေသည်။ သူက . . .

"ဟုတ်တယ်၊ ချုံ့မလို့"

"ပေး၊ ဘာကို ချုံ့မှာလဲ"

"ဘဝကို မိတ္တူကူးစက်ထဲထည့်ပြီး ချုံ့ချင်တာ"

"ရှင် . . ."

သူက လက်ထဲတွင်ကိုင်ထားသော Buddhism in Tibet စာအုပ်ကို ဖွင့်ပြီး သံသရာဘဝစက်ဝိုင်းကို ဘီလူးတစ်ကောင်ဖြင့် သရုပ်ဖော်ထားသည့် စာမျက်နှာကိုလှန်ကာ သူမလက်ထဲသို့ ကမ်းပေးလိုက်၏။

ရွှေငါးမလေးက သူ့ကို မျက်စောင်းထိုးလိမ့်မည်ဟု ထင်ထားခဲ့မိသည်မှာ မှားယွင်းသွား၏။ သူ့ကို ခပ်တည်

http://www.cherrythitsar.org



တည် တစ်ချက်လှမ်းကြည့်ပြီး စာအုပ်ကို လှမ်းယူသည်။ ပါးစပ်ကလေးကတော့ ဟစိဟစိ လှုပ်နေ၏။ မိတ္တူကူး စက်ဆီသို့ သူမ လှည့်လိုက်သည့်အခါ ဆံပင်ကို ပင့်တင် ထုံးနှောင်ထားသောကြောင့် သူမ၏ လည်ကုပ်သား ဝါဝါ ကလေး ပေါ်မှ ဆံမျှင်မွေးညင်းနုကလေးများကို မြင်လိုက်ရ သည်။ ကြည့်စမ်း . . . အဲဒီ မွေးညင်းဆံမျှင် စိမ်းနုနုကလေး တွေကို သူမအလစ်မှာ ဖျတ်ခနဲဆောင့်ဆွဲပြီး နုတ်လိုက်ရရင် ဘယ့်နှယ်နေမလဲ . . .၊ ကောင်မလေးကတော့ အတော် အီ စလံဝေသွားမှာ သေချာသည်။ ရွှေငါးပါးစပ်နှင့်တူသော နှုတ်ခမ်းဟစိစိကလေးကို မဲ့ပြီး ရင်ခေါင်းသံသြသြကလေး ဖြင့် 'အား . . .'ဟု အော်လေမည်လား၊ သို့မဟုတ် သူ့ကို တစ်စုံတစ်ရာ ကျိန်ဆဲရေရွတ်လေမည်လား။ ဘာပဲဖြစ်ဖြစ် အတော် ပျော်စရာကောင်းသွားပေလိမ့်မည်။ ဒီလို သမား ရိုးကျ အပြောင်းအလဲမရှိဘဲ ခန့်ညားစွာ အူကြောင်ကြောင် ဖြစ်နေရတာနဲ့စာရင်ပေါ့။

သူမကတော့ စာအုပ်ကို မိတ္တူကူးစက်ပေါ် တင်ပြီး အဖုံး ဖုံးလိုက်၏။ နောက် . . . သူ့ကို တစ်ချက်လှမ်းကြည့် သည်။ အကြည့်ချင်းဆုံမိသောကြောင့် သူမ မျက်နှာလွှဲသွား ၏။ ကဲ . . . မြန်မြန်လုပ်ပါ၊ ရွှေငါးမလေးရယ်။

※

BOOKMAN
Publishing House

http://www.cherrythitsar.org



သူမက သူ့ကို ဘယ်လိုထင်လိမ့်မည်မသိ။ သူကတော့ အမုန်တကယ်ပင် သူ့ဘဝကြီးတစ်ခုလုံးကို မိတ္တူကူးစက်ထဲ ထည့်၍ ချုံ့ပစ်လိုက်ချင်သောဆန္ဒ ရှိနေသည်။ ဖြစ်နိုင်လျှင် ကျပ်တည်းသော လူနေမှုဖြစ်စဉ် အကြိုအကြားထဲ ထိုးထည့် ဝင်သာသည်ဆိုရုံကလေး သေးသေးကွေးကွေး ချုံ့ချင်သည်။ တဖြည်းဖြည်းသေးငယ်ကျုံ့ဝင်စပြုနေကြပြီဖြစ်သော လက်ဖက်ရည်ပန်းကန်များ၊ အမြန်ကားပေါ်မှ ထိုင်ခုံများ၊ ထမင်းပွဲများ၊ အောက်ဆီဂျင်များ။

လူတို့သည်လည်း ထိုအရာများနှင့်အချိုးညီစွာ မကျုံ့ဝင်နိုင်လျှင် ဒိုင်နိုဆောသတ္တဝါကြီးများလို မျိုးတုံးသွားရလိမ့်မည် ထင်သည်။ ကဲ. . .ငါ့ကိုပါ အလိုက်သင့်အလျားသင့် ချုံ့ပေးပါတော့ကွယ်။ ငါ အသက်ရှူရတာ ကျပ်လို့ပါ။

※

သူက စာအုပ်နှင့် မိတ္တူစာရွက်ကိုယူပြီး တစ်ဆယ့်ငါးကျပ်တန်တစ်ရွက် ပေးလိုက်သည်။ ရွှေငါးမလေးက ပိုက်ဆံ ပြန်အမ်းရင်း...

“ဘဝကိုချုံ့လိုက်ရင် မိတ္တူအသေးကလေးတော့ ရမှာပေါ့။ ဒါပေမယ့် တကယ့်မူရင်းဘဝအစစ်က ကျုံ့သွားမှာမှ မဟုတ်တာ။ နဂိုအတိုင်း ရှိနေမှာပဲ”

http://www.cherrythitsar.org



သူ ပခုံးနှစ်ဖက်ကိုတွန့်လိုက်မိသည်။ အဲ . . . ဒီရှေ့ငါး မလေးကလည်း ဘယ်ဆိုးလို့တုန်း။ လက်ထဲမှစာအုပ်နှင့် မိတ္တူစာရွက်ကို ငုံ့ကြည့်ဖြစ်၏။ မူရင်းစာအုပ်က အရွယ် အစား လျော့သွားသည်မဟုတ်။ အတုပွားကူးထားသော စာရွက်ထဲတွင်သာ ပုံက သေးနေခြင်းဖြစ်သည်။ စင်စစ် ထိုအရာသည် ဟုတ်ယောင်ထင်မှုတစ်ခုသာ ဖြစ်၏။

ဘဝကိုချုံ့လိုက်လျှင် သူသည်ဘဝမိတ္တူအတုထဲသို့သာ တိုးဝင်ရပေလိမ့်မည်။ သူ ဆိုင်ထဲမှလှည့်မထွက်မီ နောက် ဆုံးအနေဖြင့် ထိုရှေ့ငါးမလေး၏ မျက်နှာကို တစ်ချက်လှမ်း ကြည့်လိုက်၏။ ကောင်းမလေးကလည်း သူ့ကိုကြည့်နေ သည်။ ပါးစပ်ကလေးကတော့ ထုံးစံအတိုင်း ဟစိဟစိဖြင့် လှုပ်နေ၏။

ကဲ . . . ကြည့်စမ်းကွယ်၊ အဲဒီလို လေးလေးနက်နက် စကားတွေပြောတတ်တဲ့ ကောင်မလေးတစ်ယောက်နဲ့ ရည်း စားဖြစ်ကြည့်ဖို့ကို စိတ်ကူးယဉ်ဖြစ်အောင် ယဉ်လိုက်သင့် တယ်လေ...။

BOOKMAN
Publishing House

http://www.cherrythitsar.org

■

အချစ်တွေ စံပယ်လိုကြွေကြွေကျတာကို . . .

အလွယ်တကူ ရတယ်လို့ မထင်ပါနဲ့၊

မင်းဆံပင်မှာပန်ဖို့ တစ်ပင်တည်း ပွင့်တာပါ . . .

ထို အဝါရောင်ရွှေငါးမလေးနှင့် နောက်တစ်ကြိမ် ထပ်မံဆုံတွေ့ဖြစ်သော နေရာသည် အသုဘအိမ်တစ်အိမ် ဖြစ်နေခြင်းကိုမူ သူ ဘာမှ မတတ်နိုင်ခဲ့ပါ။

သူ့သူငယ်ချင်း တင်အောင်ထွေး၏အဘွား ဆုံးသွားသောကြောင့် သူနှင့် တင်အောင်ထွေးတို့နှစ်ယောက် အသုဘဖိတ်စာများ လိုက်ဝေကြသည်။ ပုဏ္ဏာမီမှတ်တိုင်ရှေ့အရောက်

http://www.cherrythitsar.org



တွင် မြို့ထဲမှအပြန် ကားပေါ်မှဆင်းလာသည့် သူငယ်ချင်း နှစ်ယောက်နှင့် ဆုံ၏။ ဟေ့ကောင် ဟိုမှာတွေ့လား၊ သန်းလွင်နဲ့ ရီတိုးသိန်းဟု ပြောရင်း တင်အောင်ထွေးက လက်ခုပ်တီးပြီး လှမ်းခေါ်လိုက်သည်။

အတော်ပဲ၊ ကူလုပ်ခိုင်းဖို့ အဖော်ရပြီဟု တွေးကာ သူ ဝမ်းသာသွား၏။ တစ်လမ်းဝင်တစ်လမ်းထွက် ဖိတ်စာ လိုက်ကမ်းနေရသည်မှာ ခြေထောက် ညောင်းလှပြီ။

"မင်းတို့ ဘယ်က ပြန်လာကြတာလဲ"

"ဒီကောင့်မင်္ဂလာဆောင်အတွက် ဖိတ်စာအတွင်းစာ သားတွေ သွားရိုက်တာလေ"

သန်းလွင်က ရီတိုးသိန်းဘက်ကို လက်ညိုးထိုးပြပြီး ဖြေ၏။ အား . . .!!! သူ ဖျတ်ခနဲ သတိရသွားသည်။ ဟုတ်တာပေါ့။ ဒီငတိ မင်္ဂလာဆောင်ဖို့ တစ်ပတ်လောက်ပဲ လိုတော့တာ။ ရီတိုးသိန်းက . . .

"အေး . . . အတော်ပဲ၊ ငါလည်းမင်းတို့ဆီ လာမလို့၊ ဒီည ငါ့အိမ်မှာ လိုက်အိပ်ကြကွာ၊ ငါ့ကို မင်္ဂလာဆောင်ဖိတ်စာတွေ ကော်ဝိုင်းကပ်ပေး"

တင်အောင်ထွေး၏အဘွား ဆုံးသည်ကို သူတို့နှစ်ယောက် သိကြပုံ မရသေး။ သူ့စိတ်ထဲ စနောင့်စနင်းဖြစ်သွားသည်။ ရုတ်တရက် ဘာပြန်ပြောရမည်ကို မသိ။ တင်

http://www.cherrythitsar.org



အောင်ထွေး၏ မျက်နှာကို လှမ်းကြည့်လိုက်တော့လည်း ပြုံးစိစိလုပ်နေသည်ကိုသာ မြင်ရ၏။ အဘွားဆုံးသည့်အကြောင်း သူတစ်ပါး မင်္ဂလာကိစ္စစီစဉ်နေချိန်တွင် စိတ်အနှောင့်အယှက်ဖြစ်မည်စိုး၍ ပြောချင်ပုံမရ။ အားနာစွာဖြင့် အပြောခက်နေသည်ဟု သူ သိလိုက်၏။ ထို့ကြောင့် သူက ပင် . . .

"နေပါဦး၊ မနေ့ညက ဒီကောင့်အဘွားဆုံးသွားတာ မင်းတို့ မသိသေးဘူးလား"

"ဟင် . . . ဟုတ်လား"

သန်းလွင်ကတော့ သူ့ကို မယုံကြည်သလိုကြည့်ကာ မင်းကလဲ . . . ဟုတ်လို့လားကွာ၊ ဒါမျိုးက မနောက်ကောင်းဘူးနော်ဟု ပြော၏။ မယုံသင်္ကာ ဖြစ်မည်ဆိုလည်း ဖြစ်လောက်၏။ ကိုးတန်းကျောင်းသားဘဝကတည်းက ဟိုလူ့ဘကြီးဆုံးလို့၊ ဒီလူ့အဘွားဆုံးလို့ဟု အကြောင်းအမျိုးမျိုးဖြင့် ခွင့်တိုင်ပြီး ကျောင်းပြေးကြသည့်အခါ သန်းလွင်က ဘုမသိဘမသိဖြင့် ခဏခဏ ပါရသည်။ မတော်တဆကျန်ရစ်ခဲ့သည့်အခါများတွင်လည်း ဆရာ ဆရာမများကမေးလျှင် စကားအရိပ်အခြည်ကြည့်ပြီး ရောလိမ်ပေးရင်း အလွဲလွဲအချော်ချော်ဖြစ်ကာ ဒုက္ခရောက်ရပေါင်း များလှပြီ။ အခုလည်း တင်အောင်ထွေး၏ မျက်နှာက အဘွားဆုံးသည့်မြေး

http://www.cherrythitsar.org



တစ်ယောက်၏မျက်နှာနှင့် မတူ။ ကြောင်တောင်တောင် ပြူးစိစိဖြင့် ဖဲထုပ်ထဲမှ ဂျိုကာ၏မျက်နှာလိုလို၊ မယ်ဒလင် တစ်လက်ဖြင့် သီချင်းဆိုထားသည့် စီးရီးခွေတီဗွီကြော်ငြာ ထဲမှ မျက်နှာလိုလို ဖြစ်နေ၏။ သူက . . .

"ဟုတ်ပါတယ်ကွ။ တကယ်ပြောတာ၊ အခုပဲ ငါတို့ အသုဘဖိတ်စာတွေ လိုက်ကမ်းနေတာ၊ ဒီမှာ . . . မယုံရင် ကြည့်"

သန်းလွင်က ဖိတ်စာတစ်ရွက်ကို ယူကြည့်၏။ ဝေခွဲရ ခက်နေသောမျက်နှာကို မြင်ရသည်။ ဖိတ်စာကိုတော့ ယုံပြီး လူတွေကိုတော့ ယုံချင်ပုံ မရ။ သန်းလွင်က ခေတ္တမျှတွေ ဝေနေပြီးမှ . . .

"ငါတော့ မယုံပါဘူးကွာ၊ အသုဘဖိတ်စာက မင်းတို့ လိုလိုမယ်မယ် ကြိုရိုက်ထားတာလားမှ မသိတာ"

ရုတ်တရက်မို့ ဘာပြန်ပြောရမှန်းမသိဘဲ ကြောင်သွား သေး၏။ နောက်မှ စိတ်ညစ်ညစ်ဖြင့် ရယ်ပစ်လိုက်ရင်း . . .

"သေလိုက်ပါတော့ သန်းလွင်ရယ်၊ အသုဘဖိတ်စာဆို တာ ကြိုရိုက်ထားလို့ရတဲ့ဥစ္စာမှ မဟုတ်တာ"

ရံဖန်ရံခါတွင် မယုံသင်္ကာစကားများသည် အတော်ပင် ကိုးရိုးကားရားနိုင်ပါသည်။ ခွေးရူးကောင်းစား တစ်မွန်း တည့်ဟူသော စကားပုံကို မယုံကြည်ကြသောကြောင့် လူ

http://www.cherrythitsar.org



အတော်များများ ခွေးရူးဖြစ်ရသည်ကို ပျော်နေကျေနပ်နေကြသည်။ ကျွမ်းကျင်ရာလိမ္မာဟူသော စကားကို မယုံကြည်ကြသောကြောင့်လည်း အတော်များများက ကျွမ်းကျင်အောင်မကြိုးစားတော့ဘဲ လိမ္မာချင်ယောင် ဆောင်နေလိုက်ကြ၏။ အကယ်စင်စစ် မယုံသင်္ကာစိတ်များသည် လိမ်လည်လှည့်ဖျားခံရဖန်များရာမှ ပေါက်ဖွားလာခြင်း ဖြစ်ပါသည်။ ကျေးဇူးပြု၍ မလိမ်ကြပါနှင့်။ ပွင့်လင်းသော လူ့ပတ်ဝန်းကျင်တွင် ဗဒင်ဉယျာဉ်အစစ်တစ်ခု ရှိပါသည်။ သူခိုးတစ်ယောက်က သူ ကျခံရမည့်ပြစ်ဒဏ်အတွက် လူပုံအလယ်တွင် ပွင့်လင်းစွာ၊ ရိုးသားစွာ ဝန်ခံရဲစိတ် ရှိပါစေ။ မှတ်သုန်လေထဲတွင် ပင်လယ်ယောင်ဆောင်ပြီး ဆားခတ်ပေးဖို့ မလို။

ရီတိုးသိန်းက. . .

"ဒီလိုဆို ဒီည မင်းတို့အိမ်မှာပဲ ငါတို့သူငယ်ချင်းတွေစုအိပ်လိုက်ကြတာပေါ့"

ဟု တင်အောင်ထွေးကို လှမ်းပြော၏။ တင်အောင်ထွေးက ခေါင်းခါသည်။ နေပါစေကွာ၊ မင်းမင်္ဂလာဆောင်က သိပ်နီးနေပြီ။ စီစဉ်စရာတွေ အများကြီး၊ ငါ့ကိစ္စအတွက် အလုပ်ပျက်မခံပါနဲ့ဟု ငြင်း၏။ ရီတိုးသိန်းက ဒေါသသံဖြင့် ဘယ်ဟုတ်မလဲ၊ ငါတို့မှာ ဒီသူငယ်ချင်း လေးငါးခြောက်ယောက်ပဲ ရှိတာ။ သူ့ကိစ္စ ကိုယ့်ကိစ္စ ခွဲခြားနေလို့ ဖြစ်

http://www.cherrythitsar.org



မလားကွဟု ပြန်ပြော၏။ တင်အောင်ထွေးကလည်း မဟုတ်ပါဘူးကွာ၊ အသုဘကိစ္စက ဘာမှ သိပ်ထွေထွေထူးထူး လုပ်စရာ မရှိတော့လို့ ပြောတာပါ ဟုဆိုကာ ဖွတ်ငြင်းသည်။

အချိန်အတော်ကြာသည်အထိ အပြန်အလှန် ငြင်းကြ ခုန်ကြ အော်ဟစ်ကြ၍ မပြီး။ နောက်ဆုံးတွင်. . . သန်းလွင်က ဝင်ပြီး . . .

"ဒီလိုလုပ်ကွာ၊ ငါတို့ တင်အောင်ထွေးအိမ်မှာပဲ စုပြီး အိပ်ကြမယ်၊ ရီတိုးသိန်း . . . မင်းက မင်းမင်္ဂလာဆောင်ဖိတ်စာတွေကို ယူလာခဲ့၊ ငါတို့အားလုံး တင်အောင်ထွေးအိမ်က စောင့်နေမယ်၊ ကော်ကပ်စရာရှိတာတွေကို အဲဒီမှာ ဝိုင်းလုပ်ကြတာပေါ့"

အသုဘအိမ်တွင် မင်္ဂလာဆောင်ဖိတ်စာများကို ကော်ကပ်ပြင်ဆင်ခြင်းသည် အတော်ပင် အဆီအငေါ်မတည့်သည့် ကိစ္စဖြစ်မှန်း အားလုံးက သိသော်လည်း ကျေကျေနပ်နပ်ပင် လက်ခံလိုက်ကြ၏။

⁂

အဆီအငေါ်မတည့်ဖြစ်ခြင်းဆိုသည်မှာ ဘာကိုဆိုလိုပါသလဲ။ လောကကြီးကိုယ်တိုင်က ရှေ့နောက် အစီအစဉ် မကျစွာ ကမောက်ကမဖြစ်နေသည် မဟုတ်ဘူးလား။ ဟင့်

http://www.cherrythitsar.org



အင်း၊ တကယ်ဆိုလျှင် ရှေ့နောက်ဟူသော သတ်မှတ်ချက် ကသာလျှင် မရှိခြင်း ဖြစ်ရပေလိမ့်မည်။ ထိုသို့ဆိုလျှင် အားလုံးသည် အစီအစဉ်တကျ ဖြစ်နေသည်ဟု ပြော၍ ရသွားပေလိမ့်မည်။ (သူ့စိတ်ထင် သက်သက်လည်း ဖြစ် ချင်ဖြစ်နေနိုင်ပါသည်။ သူကကော ဘာကြောင့် အစီအစဉ် ကျနကြောင်းကို သက်သေတွေ ထုတ်ပြချင်နေမိပါလိမ့်။) အဆီအငေါ်မတည့်ဟုဆိုခြင်းသည် တစ်စုံတစ်ရာကို မလုပ် ဖြစ်စေရန် ဟန့်တားနေသည့် အဟန့်အတား ဖြစ်သည်မှန် သော်လည်း အားလုံးက စိတ်တူသဘောတူ ကျူးလွန်လိုက် ကြသောအခါ မည်သည့်အရာက အဆီအငေါ်မတည့်ဟု ပြောရမည်ကို ရှာ၍ပင် မတွေ့နိုင်တော့ပါ။

(၁) လောကကြီး၏ အစီအစဉ်မကျနမှုအတိုင်း လိုက် ပါအစီအစဉ်မကျလိုက်သောအခါ အလိုလိုနေရင်း အစီအစဉ် တကျဖြစ်သွားသည်။ သို့မဟုတ် (၂) အစီအစဉ်ကျအောင် စည်းမျဉ်းတစ်ခုအောက်ထဲ မဆန့်မပြဲ အတင်းထိုးသွင်းလိုက် သောကြောင့် နဂိုက အစီအစဉ်ကျနနေပြီးသားလောကသည် အစီအစဉ်မကျ ဖြစ်သွားသည်။

အထက်ပါအဆိုနှစ်ရပ်တွင် မည်သည့်အဆိုသည် အမှန် တရားနှင့် ပိုနီးစပ်သည်ဟု ထင်ပါသနည်း။ တကယ်ဆိုလျှင်

http://www.cherrythitsar.org



ဆော့ခရတ္တိသည် အဆိပ်ခွက်ကို သောက်မည့်အစား ချက် အရက်တစ်လုံးလောက် စမ်းသောက်ကြည့်သင့်ပါသည်။

⁂

အသုဘအိမ်ပေါ်တွင် ပျော်ရွှင်စွာ တဟီးဟီးတဟား ဟား ရယ်မောရင်း မင်္ဂလာဆောင်ဖိတ်စာများကို ကော်ကပ် ကြသည်။ စာအိတ်ဖြူဖြူထဲ ထည့်ကြသည်။ ဧည့်သည်များ ကလည်း တက်လိုက်ကြ၊ ဆင်းလိုက်ကြနှင့်။ ကွာစေ့လှော် ပန်းကန် လိုက်ချပေးသူများ၊ ရေနွေးအိုးဖြည့်ပေးသူများ ရှုပ်ယှက်ခတ်နေ၏။ အသုဘသတင်းမေးရန် လာသူများက လည်း ဝရုန်းသုန်းကား။ တချို့ လူကြီးမင်းများကလည်း မွေးရာပါ မျက်နှာပိုးမသေသောအမူအရာကို အတင်းဖုံးဖိ ကာ ကြိုးစားပမ်းစား ဝမ်းနည်းချင်ယောင် ဆောင်လာကြ သည်။ တချို့ကတော့လည်း ခပ်တည်တည်ပင်။ နေမြဲအ တိုင်း နေကြသည်။ မြို့နေလူတန်းစား၏ အသုဘရှုယဉ် ကျေးမှုသည် သိသိသာသာ ပြောင်းလဲသွားပြီဖြစ်၏။ လူ တစ်ယောက် သေဆုံးရခြင်းအပေါ် ဘယ်သူကမှ နှစ်နှစ်ကာ ကာ ဝင်ခံစားကြည့်မနေတော့။ ခံစားချင်စိတ် မရှိခြင်းလား၊ ခံစားရန် အချိန်မရှိခြင်းလား၊ ခံစားတတ်သောနှလုံးသား မရှိခြင်းလား၊ တစ်ခုခုတော့ ဖြစ်ပေလိမ့်မည်။

http://www.cherrythitsar.org



သေချာသည်ကတော့ အသုဘရှု လာသူများသည် ခပ်ညံ့ညံ့လက်ဖက်ခြောက် ခပ်ထားသည့် ရေနွေးအိုးတစ်လုံးနှင့် တူနေခြင်းပင် ဖြစ်၏။

ည ကိုးနာရီကျော်လာသောအခါ တဖြည်းဖြည်း ဧည့်သည်ပါးစ ပြုလာသည်။ မင်္ဂလာဆောင်ဖိတ်စာများကလည်း ကော်ကပ်၍ ပြီးသွားပြီ ဖြစ်သောကြောင့် သူ ဘာမှလုပ်စရာ မရှိသလို ဖြစ်နေ၏။ ထိုအချိန်တွင် ဧည့်သည်တစ်ယောက် အိမ်ပေါ်တက်လာ၏။ ဟင့်အင်း . . .၊ တစ်ယောက်တည်း မဟုတ်၊ နှစ်ယောက်။ သူ သေချာအောင် လှည့်ကြည့်လိုက်သည်။

မျက်စိနောက်စရာကောင်းလောက်အောင် ကြော်ငြာတွေရှုပ်ယှက်ခတ်ချိတ်ဆွဲထားသည့် ထီဆိုင်တစ်ဆိုင်လို တစ်ကိုယ်လုံးကို ရွှေတွေညွှတ်နေအောင် ဆင်ထားသော မိန်းမဝဝကြီးတစ်ယောက်. . .။ ထိုမိန်းမကြီး၏နောက်တွင် မိတ္တူဆိုင်မှ ပါးစပ်ဟစိဟစိနှင့် ရွှေငါးမလေး။ ကောင်မလေးကလည်း သူ့ကို မြင်သွား၏။ ဘာအကြောင်းမှမရှိဘဲ မျက်စောင်းတစ်ချက် ထိုးသည်။ သူ ပျော်သွား၏။ မိန်းမဝဝကြီးကို တင်အောင်ထွေး၏အဒေါ်က ဆီးနှုတ်ဆက်ပြီး လက်မောင်းကို တရင်းတနှီးကိုင်ကာ အိမ်အတွင်းခန်းထဲသို့ ခေါ်သွား၏။ ရွှေငါးမလေးက နောက်မှကပ်လိုက်သွားရင်း အိမ်

http://www.cherrythitsar.org



ခန်းထဲသို့ ဝင်ခါနီးတွင် သူ့ကို တစ်ချက်လှည့်ကြည့်သေးသည်။ သူ ကမန်းကတန်း လှမ်းပြုံးပြလိုက်၏။ မြင်မှမြင်သွားရဲ့လားမသိဘူးဟု တွေးကာ အလွန်အူကြောင်ကြောင်နိုင်စွာ စိတ်ပူရင်း ရင်တွေခုန်လာသည်။

တင်အောင်ထွေးကို လက်တို့ခေါ်ပြီး သူ မေးကြည့်လိုက်သည်။ တင်အောင်ထွေးက . . .

"ဟိုမိန်းမကြီးကတော့ ငါ့အဒေါ်ရဲ့ယောင်းမကွ၊ သူတို့ချင်းတော့ အတော်ခင်ကြတဲ့ပုံပဲ၊ အခုလည်း မနက်ဖြန်အသုဘချတဲ့အခါ ကူရအောင် ညလာအိပ်ပေးတာနေမှာပေါ့။ ငါကတော့ အဲဒီမိန်းမကြီးကို အလိုလိုနေရင်း အမြင်ကတ်လို့ အိမ်လာလည်ရင် တစ်ခါမှ စကားမပြောမိဘူး၊ နာမည်တောင် မသိဘူး"

တင်အောင်ထွေးကို ဒေးကာနက်ဂျီ၏ မိတ်ဆွေပေါနည်းစာအုပ် ပေးဖတ်ရဦးမည်ဟု သူ စိတ်ကူးလိုက်၏။ ဒါမှမဟုတ်ရင်လည်း အောင်သိန်း(စိတ်ပညာ)ရဲ့ အကြားအမြင်စိတ်တန်ခိုးစာအုပ်ဖြစ်ဖြစ်ပေါ့။ တင်အောင်ထွေးက ဆက်ပြောနေ၏။

"ကောင်မလေးက သူ့သမီးဖြစ်မှာပေါ့၊ ဟိုတုန်းက တစ်ခါနှစ်ခါလိုက်လာတာ မြင်ဖူးတယ်"

http://www.cherrythitsar.org



“သက်န်းကျွန်း ရတနာဈေးနားက မိတ္တူဆိုင်မှာ ငါ တွေ့ခဲ့တာကွ၊ သူတို့ အဲဒီနားမှာ နေတာလား”

“ဪ . . နေဦး၊ ငါ မှတ်မိပြီ၊ အဲဒါ သူ့သားအကြီး ဆုံးကဖွင့်တာဆိုလား မသိဘူး။ ဖြစ်နိုင်ပါတယ်။ သူတို့က အစတုန်းကတော့ စမ်းချောင်းမှာနေတာလားဘာ မသိဘူး၊ ပြီးခဲ့တဲ့လတုန်းကတော့ အိမ်ပြောင်းတယ်လို့ ပြောသံ ကြားတယ်။ အင်း . . . မင်းပြောသလိုပဲ ဖြစ်မှာပေါ့။ ငါ့က အစအဆုံးတော့ ဘယ်သိပ့်ါမလဲ၊ အကြားအမြင်ရနေတာမှ မဟုတ်တာ”

သေချာပါပြီ။ တင်အောင်ထွေးကို အကြားအမြင်စိတ် တန်ခိုးစာအုပ် ပေးဖတ်ဖို့ လိုအပ်နေပြီ။ သည်ငတိ စိတ် တန်ခိုးတွေ သိပ်နိမ့်ကျနေ၏။

❋

ခဏနေတော့ ကောင်မလေး ပြန်ထွက်လာသည်။ အဝတ်အစားပင် လဲထားပြီးဖြစ်၏။ တင်အောင်ထွေး၏ ညီမက ခေါ်သွားပြီး အိမ်ရှေ့ ခုံတန်းလျားတွင်ထိုင်ကာ စကားတွေ ပြောနေကြသည်။ တင်အောင်ထွေးက မြင်သွား သောအခါ လက်ဖျစ်တစ်ချက်တီးလိုက်ပြီး ရေခဲသေတ္တာ ထဲမှ အအေးပလတ်စတစ်ဘူး သေးသေးကလေးနှစ်လုံး

http://www.cherrythitsar.org



သွားထုတ်သည်။ နောက် သူ့လက်ထဲ ထည့်၏။ ပြီး . . . သူ့ညီမကို လှမ်းခေါ်လိုက်သည်။ တစ်ဆက်တည်းမှာပင် . . .

"ဟော့ကောင်. . . သွားလေ . . . သွား"

ဟု သူ့ကို တွန်းလွှတ်၏။ ပြောင်စပ်စပ်ဖြစ်နေသည့် တင်အောင်ထွေး၏ မျက်နှာကို ကြည့်ရင်း သူ ရယ်ချင်သလိုလို စိတ်ညစ်သလိုလို ဖြစ်လာသည်။ သည်လို ပေါက်တတ်ကရတွေလုပ်ဖို့အတွက် သူ့အဘွားက သေပေးရသလို ဖြစ်နေသည်မှာ တွေးကြည့်လျှင် နည်းနည်းတော့ ကသိကအောက်နိုင်ပါသည်။

လောကကြီးကို ကမောက်ကမဖြစ်နေသည်ဟု ထင်လျှင်ပင် မလုံလောက်သေးပါ။ တိတိကျကျပြောရလျှင် ထင်မြင်၍ ရနိုင်သမျှ အဆုံးမှတ်ကို လွန်ပြီးသည့်နောက် ဟိုဘက်အထိ ကမောက်ကမဖြစ်မှုများ ရှိပါသည်။ ဆင်ခြင်စိတ်များနှင့် အသိသည် လောကကို တိုင်းတာရာတွင် သိပ်အသုံးမဝင်လှပါ။

⁂

ဆောင်းငွေ့တွေ မှုန်မှုန်ဆိုင်းကာ ညသစ်ကိုင်းကို နှင်းရည်တွေ စိုနေ၏။ သို့ဝှက်သိမ်းဆည်းထားသော နှင်းဆီပန်းတစ်ခင်း ပွင့်လာသည်။ နဖူးဆံစကို ပင့်သပ်လာသော ဆောင်း၏ လက်အဦးအဖျားသွယ်သွယ်မှာ ကတ္တီပါအပြာ

http://www.cherrythitsar.org



ရောင်ဖြစ်၏။ အချစ်သည် အိပ်တန်းဆင်းကာစ ငှက်တစ်ကောင်လို ဆာလောင်မွတ်သိပ်စွာ ပျံသန်းသွားသည်။ ရွှေသားဇာပဝါ လွှမ်းထားသည့် မိတ်ဆက်စကားတို့ကို ယွန်းသေတ္တာနီညိုထဲထည့်၍ သူ သိမ်းဆည်းထားလိုက်၏။ လောင်ကျွမ်းပျက်စီးသွားပြီဟု ထင်မှတ်ထားခဲ့သည့် တယောတေးသွားတစ်ပိုဒ်၏အထဲတွင် ပြုံးပြုံးကလေးနေနေသည့် နှလုံးသား၏ ခါတ်ပုံတစ်ပုံကို တွေ့ရသည်။

"စောစောက တို့ပြုံးပြတာ မြင်လား"

ရွှေငါးမလေးက ခေါင်းငုံ့ကာ တိတ်ဆိတ်နေသည်။ ခဏနေမှ . . .

"မြင်သားပဲ"

ဟု ဖြေ၏။ အသံက တိုးလွန်းနေသည်ဟု ထင်ရ၏။ မြောက်ပြန်လေတစ်ချက် တိုက်လိုက်သောကြောင့် သူမ၏ကိုယ်သင်းရနံ့ကို ပူနွေးစွာ ခံစားလိုက်ရသည်။ သမုဒယသစ်သီးတစ်လုံးမှည့်သည့်ရနံ့ ဖြစ်ပေလိမ့်မည်။

သူမနှင့်သူ စကားတွေ ပြောဖြစ်ကြသည်။ နှင်းရည်ဆွတ်ထားသော စကားသံ တိုးတိုးဖွဖွတွေ၊ ရွှေရောင်လက်ပသော ကံ့ကော်ဝတ်ဆံဝတ်မှုန်တွေလို နူးညံ့နေကြသည်။ ကမ္ဘာမြေတစ်ခုလုံး ပန်းဝတ်မှုန်တွေ ဖုံးသွား၏။ ခရမ်းနု

BOOKMAN
Publishing House

http://www.cherrythitsar.org



ရောင် သစ်ခွတစ်ပွင့်ပေါ်မှာ သူနှင့် သူမတို့ အတူရှိနား ဖြစ်ကြသည်။

သူက သူမကို သကြားလုံးကလေးတစ်လုံး ထုတ်ပေးလိုက်၏။ သူမက အသံတုန်တုန်ယင်ယင်ကလေးဖြင့် ဘာလုပ်ဖို့လဲဟု မေးသည်။ သူက . . .

"တို့ကို အခုထိ နားလည်မပေးနိုင်သေးဘူးလား"

သူမက ခေါင်းကို ငုံ့မြဲ ငုံ့ထားဆဲရှိသည်။ ဟိုးအဝေးမှ စောင်းသံသဲ့သဲ့ကြားရပြီ။ အိမ်တံစက်မြိတ်အစွန်းမှ နှင်းတစ်စက် မြေပေါ်ကြွေကျသွား၏။ သူက . . . သူမ၏မျက်နှာနှင့် နီးသည်အထိ ခေါင်းကို ငုံ့လိုက်ပြီး . . .

"တစ်ခုခု ပြောပါဦးကွာ"

စကားပြောရရုံမျှဖြင့် ဘာဖြစ်လို့ သူ ဒီလောက်မောနေရတာလဲ။

"ဘာပြောရမှာလဲ"

သြော် . . သူမလည်း မောဟိုက်နေသည့်အသံနှင့်ပဲလေ။

"တို့ကြားချင်တဲ့ စကားကို ပြောပေါ့"

"ဟင်းအင်း၊ သိပ်မစောလွန်းနေဘူးလား၊ အချိန်ယူပြီး စဉ်းစားချင်သေးတယ်"

သူ ခေါင်းကို ခပ်လေးလေး ညိတ်ပြလိုက်သည်။ ထို့နောက် သူမလက်ထဲမှ သကြားလုံးကလေးကို ယူပြီး အခွံ

http://www.cherrythitsar.org



ကို ဖြေလိုက်၏။ နောက်. . . သူမထံသို့ ကမ်းပေးလိုက်သည်။ သူမက သူ့လက်ဖျားနှင့်မထိအောင် သတိထားပြီး သကြားလုံးကလေးကို ယူကာ ပါးစပ်ဟသည်ဆိုရုံ ဟပြီး ထည့်လိုက်သည်။ သူမ နှုတ်ခမ်းကလေးကိုစုကာ သကြားလုံးငုံလိုက်ပုံမှာ အလွန်လှသည်ဟု သူ ထင်၏။

သူမက သကြားလုံးအခွံကလေးကို လက်ဖြင့် ဖွဖွညင်သာ ပွတ်သပ်၍ ဖြန့်သည်။ ထို့နောက် . . .

"အမှတ်တရ သိမ်းထားလိုက်မယ်နော် . . ."

ပြောပြီး သူမဘာသာသူမ ရှက်သလို ခေါင်းငုံ့သွားပြန်၏။ သူ ပြုံးဖြစ်သည်။ သည်ကတည်းက သူ့အတွက် အဖြေက သေချာပြီးသလောက် ဖြစ်နေပြီ။ ကဲ. . . ကြည်နူးတော့လေဟု သူ့ကိုယ်သူ ပြန်သတိပေးနေဖြစ်၏။ သို့သော် အစတုန်းက မျှော်လင့်ထားသလောက် မပူမနွေးသလို ဖြစ်နေသည်။ ဘာဖြစ်လို့ပါလိမ့်. . .။

ကိုယ်လုပ်မိသော အလုပ်တစ်ခု အဆင်ပြေချောမွေ့သောကြောင့် ဖြစ်လာသည့် ကျေနပ်မှုမျိုးလောက်ကိုသာ ခံစားရသည်။ ရင်မခုန်။ ထင်ထားသလောက် ကြည်နူးကြည့်၍မရ။ တစ်ခုခု လိုအပ်သလို ဖြစ်နေ၏။ အင်း . . . ဒါပါပဲ။ ကောင်လေးတစ်ယောက်က ကောင်မလေးတစ်ယောက်ကို ရည်းစားစကားပြောတယ်ဆိုတာ ဒါပဲပေါ့။ ဘာမှ သိပ်

http://www.cherrythitsar.org



ထူးထူးခြားခြား မဟုတ်ပါ။ ပြီးတော့လည်း ပြီးသွားတာပဲ ဖြစ်သည်။ (ပြဇာတ်ကသူက ပရိသတ်လောက် ပြဇာတ်ကို အရသာခံ၍ မရပါ။)

ကောင်မလေးကို မချစ်ချစ်အောင် သူ့စိတ်ကို အတင်း နှစ်ခိုင်းနေရပုံမျိုးဟု ပြောလျှင် ရကောင်းရပေလိမ့်မည်။

“မိတ္တူဆိုင်က ဘယ်အချိန်ပိတ်တာလဲ၊ အိမ်အပြန် လာကြိုပေးမယ်လေ”

“ဟင့်အင်း မလာနဲ့၊ ကိုကိုကြီး သိသွားလိမ့်မယ်”

သူ သက်ပြင်းတစ်ချက် ချလိုက်၏။ (သည်နေရာတွင် သက်ပြင်းချသင့်သည်ဟု သူ့ဘာသာသူ ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။) နောက် . . .

“ဘယ်တော့ အဖြေပေးမှာလဲ၊ သိပ်အကြာကြီး စောင့်ရမှာလားဟင်”

“ဘယ်သိမလဲ၊ ကြာချင် ကြာမှာပေါ့၊ စဉ်းစားရဦးမှာ”

တကယ်တော့ . . . စဉ်းစားပြီးမှ ချစ်သည်ဆိုခြင်းသည် မည့်သည့်ရှုထောင့်ကကြည့်ကြည့် အဓိပ္ပာယ်မရှိပါ။ ဦးနှောက်က တစ်ခြမ်းပဲ့အသိဖြင့် မနိုင့်တနိုင် တောင်တောင်အီအီတွေ လျှောက်စဉ်းစားပြီးမှ နှလုံးသားကို ‘ချစ်လိုက်တော့’ ဟု ခိုင်း၍ ရနိုင်ကောင်းပါသလား။ သေချာပါသည်။ လုံးဝအဓိပ္ပာယ်မရှိပါ။

http://www.cherrythitsar.org



သို့သော် မိန်းကလေးအများစုက ရည်းစားစကား အပြောခံရတိုင်း ထိုစကားကို အူကြောင်ကြောင်ဖြင့် ပြန်ပြောနေကျ ဖြစ်သည်။ မည်သူက ထိုအစဉ်အလာကို စခဲ့သည်မသိ။ သူကတော့ ကောင်မလေးကို ဘာမှမပြောလိုက်ပါ။ မိန်းကလေးတို့၏ အထူးအခွင့်အရေးအဖြစ် ထိုကြောင်စီစီ ထုံးတမ်းစဉ်လာကြီးကို လေးစားပေးရမည်ပင် ထင်သောကြောင့် ဖြစ်၏။

⁂

လေပြည်စိမ့်စိမ့် တိုးသည့်အခါ သစ်ရွက်တို့ အချင်းချင်း ထိခတ်သံ ကြားရသည်။ ည၏ ဝါးပတ္တလားသံဟု ထင်စရာ ကောင်း၏။ ဆောင်း၏ အဦးအဖျားပင်ရှိသေးသောကြောင့် အအေးသည် မရင့်လှသေး။ လွင့်စင်ကျေပျက်သွားသော ထွက်သက်ဝင်သက်တချို့ဖြင့် စိတ်သချိုင်းကို ဖို့ခဲ့ပြီ။ ညနေအမီရောက်လာခဲ့မည်ဟု ပြောခဲ့သော သစ္စာတရားသည် ကတိပျက်ကွက်ခဲ့၏။ ညသည် ခါးသက်စွာမှောင်နေလေသည်။

ခုံတန်းလျားပေါ်တွင် သူတစ်ယောက်တည်း ထိုင်လျက်သား ကျန်ရစ်၏။ ရင်ထဲတွင် ပေါ့ပျက်ပျက် ဖြစ်နေသည်။ ရွှေငါးမလေးကို စတွေ့ကာစက ခံစားရသော နွေးထွေးသည့် အငွေ့အသက်တို့ကို ပြန်လည်ခေါ်ယူ၍ မရတော့. . .။ ဘာ

BOOKMAN
Publishing House

http://www.cherrythitsar.org



ဖြစ်သွားတာလဲ. . .။ 'ချစ်သည်' ဟု ပြောပြီးသည့်နောက် . . .၊ ကောင်မလေးကလည်း သူ့အချစ်ကို တုံ့ပြန်မည့်အကြောင်း သေချာသွားပြီးသည့်နောက်တွင် သူ့အတွက် ဘာမှလုပ်စရာ မကျန်မရှိတော့သလို ဖြစ်သွား၏။ ပြီးသွားပြီ။ ဘာမှ စိတ်ကူးယဉ်စရာ မရှိတော့ပါ။ ငါ. . . ဘာကိုခံစားရမှာလဲဟု သူ့ဘာသာသူ ပြန်မေးနေဖြစ်လေသည်။ ရွှေငါးမကလေးသည် သူ့စိတ်ကူးထဲမှ နတ်သမီးကလေး မဟုတ်တော့။ သူလိုငါလို သာမန်မိန်းမတစ်ယောက် ပြန်ဖြစ်နေလေသည်။

⁂

အချစ်ဆိုတာ. . . ဘာလဲ။ ဘာမှမဟုတ်ပါ။

⁂

'အချစ်' ဆိုသည်မှာ (စိတ်ဖြင့်ကစားရသော) အနည်းငယ်အဆင့်အတန်းမြင့်သည့် ထုပ်ဆီးတိုးကစားနည်းတစ်မျိုးလည်း ဖြစ်နိုင်ပါသည်။ မျက်နှာချင်းဆိုင်ရပ်လျက်က ဝေးကွာနေရသည်ကိုပင် တစိမ့်စိမ့် အရသာခံစားရတာ မဟုတ်ဘူးလား။ သူမက ကိုယ့်လက်မောင်းထဲ အတင်းတိုးဝင်လာသည့်အခါတွင်တော့ ဖမ်းလိုက်ရမည်မှာ သိပ်အရသာ မရှိလှပါ။ ဝေးပဲ ဝေးကွာပြီး တစိမ့်စိမ့်ချစ်နေချင်ပါသည်။

http://www.cherrythitsar.org



(နောက်ပြီးတော့ ထုပ်ဆီးတိုးကစားနည်းမှာ ဖမ်းသူဘက်က ဘယ်လိုနေနေ ထမင်းရည်ပူ မလောင်နိုင်ဘူး မဟုတ်လား။)

※

ထို အဝါရောင်ကောင်မလေးကို ချစ်ရေးဆိုပြီး တစ်ပတ်ခန့်အကြာ ညတစ်ညတွင်မှ သူ့အိမ် တစ်ဖက်ခြံမှ မိန်းမကို တွေ့လိုက်ရခြင်း ဖြစ်သည်။

ထိုမိန်းမ၏အရိပ်ကို မြင်လိုက်ရရုံနှင့်ပင် ရွှေငါးမကလေးကို သူ ချစ်ရေးဆိုခဲ့မိခြင်းသည် အကြီးအကျယ်မှားယွင်းသွားပြီးသော ကိစ္စတစ်ခုဖြစ်ကြောင်း သူ ချက်ချင်းဆုံးဖြတ်ဖြစ်လိုက်လေသည်။

❐

http://www.cherrythitsar.org

## အခန်း ( ၃ )
## အနက်ရောင်မိန်းမ

တမ်းတခြင်း ပေါင်းမြက်တွေနဲ့
ငါ့ရင်ဘတ်ဥယျာဉ်အပျက်ဟာ
အသက်ကို တစ်ဝက်ပဲရှူနေရတာ . . . ကြာပြီ . . ။

(၁၉၉၁)
(အောက်စီဂျင်အနမ်း)

BOOKMAN
Publishing House

http://www.cherrythitsar.org

သူ့ လက်တွေ တုန်တုန်ယင်ယင်ဖြစ်နေသောကြောင့် ပြတင်းပေါက်ဘောင်ကို အသာမှေးပြီး ကိုင်ထားလိုက်ရ၏။ အသက်ရှူမဝသလိုလို၊ တစ်စုံတစ်ရာကို ဆာလောင်နေသလိုလို ခံစားနေရသည်။ အမည်မသိတဲ့ မိန်းမတစ်ယောက်ကို ခိုးကြောင်ခိုးဝှက်ချောင်းကြည့်ရင်း စိတ္တဇဆန်ဆန် ရင်ခုန်ပျော်ရွှင်ခွင့်ရတဲ့အဖြစ်ဟာ ကျိန်စာတစ်ခုများလားကွယ် . . .။

တိုက်ပုကလေး၏ အစွန်ဆုံးပြတင်းပေါက်ကို သူ မျက်တောင်မခတ်ဘဲ ငေးကြည့်နေဖြစ်သည်။

မှန်တရုတ်ကတ်ပြတင်းပေါက်ကို အားပြုကိုင်ထားသော လက်ချောင်းထိပ်ကလေးများ ကိုက်ခဲနာကျင်လာ၏။ ပြတင်းအစပ်တွင် မေးတင်ကာ ထိုင်ငေးကြည့်နေခြင်း ဖြစ်သောကြောင့် သူ့နှာခေါင်းဝမှ မှုတ်ထုတ်လိုက်သည့် ထွက်သက်လေငွေ့ကလေးများသည် မှန်ချပ်ပေါ် သွားရောက်ကပ်ငြိ

http://www.cherrythitsar.org



တင်ကာ အဖြူမှိုင်းမှိုင်း အခိုးအကွက် စွန်းသွားတတ်သည် ကို မြင်ရ၏။ ခဏနှင့်ပင် ထိုအငွေ့အစွန်းကွက်ကလေး ပျက်သွားလိုက်၊ ပြန်စွန်းငြိထင်လာလိုက်နှင့် ဘယ်နှစ်ကြိမ် ဘယ်နှစ်ခါရှိနေပြီ မပြောတတ်။

တစ်ဖက်အိမ်ပြတင်းပေါက်တွင် အရိပ်လာထင်မည့် မိန်းမတစ်ယောက်၏ အနက်ရောင်သဏ္ဍာန်ဆီသို့ သူ့အာရုံ တွေ လွင့်ပါးနေကြ၏။ မင်း ရောက်မလာသေးဘူးလား ကွယ်...။ ခိုးဝှက်ထားသောအကြည့်များဖြင့် တစ်ဖက်သတ် ချိန်းဆိုထားသူအလာကို စောင့်မျှော်နေရသည်မှာ စိတ်မော စိုးထိတ်ဖွယ် ကောင်းလှပါသည်။

တစ်စုံတစ်ယောက်က ရှည်လျားနောက်ကျိနေသော ဒဏ္ဍာရီတစ်ပုဒ်ကို ဖတ်ပြနေသလို ထင်မိ၏။ နှင်ထားပြီး သား လိမ္မော်သီးတစ်စိတ်လောက် အမောပြေ ငုံရအောင်။ ဟိုးတောင်တန်းတစ်ဖက်ဆီက လည်ဆံဖွားဖွားနှင့် မြင်းဖြူ ကြီးတစ်ကောင် ပျံသန်းလာမည်လား။ ချစ်သူ၏ သနပ်ခါး ရနံ့များကို ကျောပေါ်တွင် တင်ဆောင်လာခဲ့ပါ။ သူ့ရင်ဘတ် တစ်ခုလုံး ညောင်းနေသည်။ ကြည်လင်တောက်ပသည့် စမ်းချောင်းတစ်ခု၏ အောက်ခြေတွင် ကျောက်စရစ်ခဲ တစ် ဆယ့်သုံးလုံး ရှိ၏။ ဆယ့်သုံးဂဏန်းသည် နိမိတ်မကောင်း ဟု ဆိုကြခြင်းမှာ မှန်တတ်ပါသလား။ ချစ်သူအတွက်

http://www.cherrythitsar.org



နိမိတ်ဆိုးများကို ပယ်ရှားပေးဖို့ရန် သူကိုယ်တိုင် ကျောက်တုံးတစ်တုံး ဖြစ်ပါရစေ။ လေပြည်ထဲတွင် ပန်းသေတ္တာကို ဖွင့်သွန်ကြဲ၍ လွမ်းဖြစ်စရာများကို အမျှအတမ်း ဝေလိုက်ပါ။ ငါ မောလှပါပြီကွယ်။

⁂

သူ မောနေသည်။ ဘာရယ်မဟုတ်ဘဲ လက်ချောင်းကလေးများကို စန္ဒရားတီးသလို လှုပ်ရင်း ပြတင်းပေါက်ဘောင်ကို တတောက်တောက်တီးခေါက်နေမိ၏။ အပေါ်ယံအားဖြင့် တည်ငြိမ်သလိုဖြစ်နေသော သူ့ရင်ဘတ်အတွင်းပိုင်းတွင် လှုပ်ရှားတွန်းထိုးရုန်းကန်နေသည့် တစ်စုံတစ်ရာ ရှိနေ၏။ မင်း… ဘာလို့ ပေါ်မလာသေးတာလဲကွယ်။ ထိုတစ်စုံတစ်ရာ၏ အတိုးအဝှေ့ကို နှလုံးအိမ်က သိသိသာသာ ခံစားရလေသည်။

ဟော… မီးပွင့်သွားပြီ။ သူ ရင်တွေခုန်လာ၏။

⁂

ညတိုင်း မြင်တွေ့နေကျ ထိုမိန်းမ၏ အရိပ်သဏ္ဌာန်ကိုပင် သူ တစိမ့်စိမ့် နှစ်သိမ့်လိုက်ဖို့စွာ ကြည့်နေမိလေ သည်။ အဲဒီအရိပ်ဟာ ငါ့အတွက် စကားလုံးမဲ့တဲ့ အနက်ရောင်ကဗျာတစ်ပုဒ်ပေါ့ကွယ်။ ဒါမှမဟုတ် ရှားပါးတဲ့ သစ်ခွနက်တစ်ပွင့်ပေါ့။ ဘယ်တော့ဖြစ်ဖြစ် ငါ့ကို ရီးသွား၊ ငြီးငွေ့

http://www.cherrythitsar.org



သွားစေမှာ မဟုတ်ဘူး။ သူမ အခန်းထဲတွင် ဟိုသည်လှုပ်ရှား နေသည့် အရိပ်များကို သူ တမေ့တမော ငေးကြည့်နေသည်။

အမျိုးသမီး၏အရိပ်က လက်နှစ်ဖက်ကိုယှက်၍ အဝတ် အစားလဲရန် ပြင်လိုက်သည့်ဟန်ကို တွေ့လိုက်ရသောအခါ သူ ဖျတ်ခနဲ မျက်နှာလွှဲလိုက်သည်။ ဟင့်အင်း...အဲဒါကို ကြည့်ဖို့မှ မလိုအပ်တာ...။ သည်လိုအခိုက်အတန့်မျိုးတိုင်း မှာ သူ အမြဲတမ်း မျက်နှာလွှဲနေကျ ဖြစ်သည်။ အမှန် တကယ်ပင် ကြည့်ဖို့မလိုအပ်ဟု ရိုးရိုးသားသား ယုံကြည် ယူဆထားသောကြောင့် ဖြစ်၏။ ထိုကိစ္စသည် ကျင့်ဝတ်များ ကြောင့် မဟုတ်ပါ။ ဆုံးမစာများ၊ နီတိများနှင့်လည်း မဆိုင် ပါ။ သိပ်အောက်တန်းကျသွားမည်ကို စိုးသောကြောင့် သူ့ သိက္ခာ သူ ပြန်ကာကွယ်နေမိခြင်းမျိုးလည်း မဟုတ်ပါ။

သူတွေးသည်က ရိုးရိုးကလေးပင် ဖြစ်သည်။ အကြည့် ကို တဏှာစိတ်အတွက် အသုံးချချင်လျှင် တခြားနေရာတွေ၊ ပုံတွေ အများကြီး ရှိသည်။ ဖိမ်ကျကျ ထိုင်ကြည့်၍ပင် ရနိုင်သေးသည်။ သွားကြည့်လိုက်ရုံသာ ဖြစ်၏။

ယခုလိုအချိန်မျိုးတွင်တော့ ထိုအကြည့်ကို ယူဆောင် လာရန် မလိုအပ်ပါ။ ရမ္မက်အာရုံအတွက် ကျက်စားရန် နေရာအချိန်အခါ များစွာရှိပါလျက်နှင့် ချစ်သူ၏အပေါ်တွင် မှ လာရောက်ကျက်စားဖို့ လိုပါဦးမည်လား။ ဟင့်အင်း...

http://www.cherrythitsar.org



မလိုပါ။ သိပ် တရားလွန်ရာကျနေပါလိမ့်မည်။ ချစ်သူဆိုသည်မှာ မြတ်နိုးခြင်း၊ လေးစားခြင်း၊ ယုံမှတ်တွယ်တာခြင်းများကို သိမ်းဆည်းသိုလှောင်ရာ ယွန်းသေတ္တာလှလှကလေးတစ်လုံး ဖြစ်ပါသည်။

ထို အနက်ရောင်မိန်းမကို...၊ သူ တစ်ခါမှ လူအရှင်လတ်လတ် မမြင်ဖူးသေးသော ထိုမိန်းမကို...၊ ပဟေဠိဆန်သော အရိပ်တစ်ခု၏ပိုင်ရှင် ထိုမိန်းမကို... သူကတော့ (ဘာကြောင့်မှန်း မပြောတတ်ဘဲ) လေးစားစွာ ယုံမှတ်တွယ်တာမြတ်နိုးနေမိသည်မှာ အသေအချာပင် ဖြစ်သည်။

⁂

ဟော ...မီးပိတ်သွားပြီ။

သူမ အိပ်တော့မည်။

ငါ့တမ်းတစိတ်တွေကို ဆံပင်တွေလို တဖြည်းဖြည်း ပခုံးပေါ် ရှည်ရှည်ကျလာစေတတ်တဲ့ အဲဒီ...ချစ်လှစွာသော အရိပ်မလေးရေ ...

မင်းကသာ လက်ကလေးတစ်ချက် ယပ်ဝှေ့ပြီး ခေါ်လိုက်စမ်းပ၊ မင်းရဲ့အိပ်မက်ထဲ ငါ ပြေးပြီးဝင်လာချင်လွန်းလို့ စောင့်နေရသူပါကွယ်...

❒

http://www.cherrythitsar.org



## အခန်း ( ၄ )
## အဝါရောင်မိန်းမ

သံယောဇဉ်အပူတွေနဲ့
(ငါ့ကို) နောက်သလို ပြောင်သလို
လာမလောင်ကျွမ်းပါနဲ့ကွယ်…၊

အငွေ့ပျံပျောက်ကွယ်သွားမှာ
ငါ့ကိုယ်ငါ မစိုးရိမ်ပါဘူး ကောင်မလေးရဲ့၊
ကောင်းကင်မှာ ငွေ့ရည်ဖွဲ့ပြီး
မိုးအဖြစ်နဲ့ ပြန်ရွာချတဲ့အခါ …
– ငါ့ကြောင့်
မင်းတစ်ကိုယ်လုံး စိုစွတ်မှာကိုပဲ စိုးတယ်။

(၁၉၉၁)
(မိုး …)

BOOKMAN
Publishing House

http://www.cherrythitsar.org

မုဆိုးနားနီးမုဆိုး၊ တံငါနားနီးတံငါဟု ပြောကြသော်လည်း ထမနဲအလွန်ကြိုက်သော ဘကြီးတစ်ယောက်နှင့် တစ်ဆယ့်ငါးနှစ်နီးပါးမျှ အတူနေထိုင်လာခဲ့သည့်တိုင် အခုအထိ ထမနဲမကြိုက်သေးပါ။ တစ်ခါတစ်ရံတွင် တချို့ကိစ္စများသည် အတော်ပြောရခက်ပါသည်။

အထူးသဖြင့် အများစုကို ယေဘုယျပြုပြီး ချကြည့်သော ကိစ္စများသည် ရုတ်တရက်အားဖြင့် မှန်သလိုလိုရှိသော်လည်း တကယ်လက်တွေ့တွင် တစ်ခုချင်း နှစ်ခုချင်းဆိုသလို မှားယွင်းနေတတ်ကြောင်း မကြာခဏ ကြုံရ၏။ ဥပမာအားဖြင့်

BOOKMAN
Publishing House

http://www.cherrythitsar.org



လူတစ်ယောက်ချင်းစီ၏ အကြိုက်နှင့် ဗီဇကို ယေဘုယျ သဘော ပြောရန်ခက်ပါသည်။ အမှန်တရားအကြောင်းကို ပြောရန်ခက်ပါသည်။ အားလုံး ခြွင်းချက်မရှိ လိုက်နာနိုင်မည့် ကိုယ်ကျင့်တရားစံများအကြောင်းကို ပြောရန်ခက်ပါသည်။ ဝမ်းနှုတ်ဆေးစားပြီး ဝမ်းသွားမည့်အချိန်ကို ပြောရန် ခက်ပါသည်။

အားလုံး ခြွင်းချက်မရှိသည်ချည်းသာ ဖြစ်စေချင်သည် ဆိုပါလျှင် လူတစ်ဦးချင်းစီကို ကိုယ့်ဥပဒေကိုယ် ပြဋ္ဌာန်းပါစေ။ ရေတ်သီးတစ်တောင့်ကို လူနှစ်ယောက် အတူတူစားကြသော်လည်း တစ်ယောက်နှင့်တစ်ယောက် စပ်သည့် အရသာပမာဏချင်း အတူတူဖြစ်ရမည်ဟု ဘယ်ဖန်ဆင်းရှင်ကမှ အာမမခံရဲသည်မှာ သေချာပါသည်။

သူနှင့် ရွှေငါးမလေးတို့ ငရုတ်သီးတစ်တောင့်ကို အတူတူ စားခဲ့ကြသည်။

သူ့လျှာပေါ်တွင်တော့ အရသာက ပေါ့ရွှတ်ရွှတ် ဖြစ်နေ၏။

⁂

ကမ္ဘာဦးအစက အာဒမ်နှင့် ဧဝတို့ သစ်သီးတစ်လုံးကို နှစ်ယောက်အတူတူ စားကြရာတွင်လည်း တစ်ယောက်က

BOOKMAN
Publishing House

http://www.cherrythitsar.org



ကျန်တစ်ယောက်ထက် အရသာ ပေါ့နေခဲ့လိမ့်မည် ဖြစ်သည့်အကြောင်းကို (လိုအပ်လျှင်) နိုက်ကလပ်တစ်ညစာကြေးလောင်းဝံ့ပါသည်။

※

အဝါရောင်ကောင်မလေးက အဖြေပေးမည်ဟု ချိန်းဆိုလိုက်သည့်နေ့သည် မှတ်မှတ်ရရ သူ သွားကိုက်နေသော နေ့ဖြစ်သည်။ (အဖြေပေးရန် စဉ်းစားသည့်အချိန်သည် မျှော်လင့်ထားသလောက် မကြာလှပါ။ သူ့စိတ်ထင် တစ်လကျော်ကျော်လောက်သာ ရှိမည်ဟု ထင်ပါသည်။ သည်လောက် မြန်ဆန်နေသည့်အတွက် သူ အနည်းငယ်တော့ စိတ်ကသိကအောက် ဖြစ်ရသေး၏။)

အအေးဆိုင်သေးသေးကလေး တစ်ဆိုင်ထဲတွင် သူမ နှင့် သူ နှစ်ယောက်သား ထိုင်ဖြစ်သည်။ သူမက စတော်ဘယ်ရီသီးဖျော်ရည် မှာလိုက်၏။ ဆိုင်ထဲတွင် သီချင်းသံတိုးတိုးကလေး လွင့်နေသည်။ လိုင်ယွန်နယ်ကော့ပါး၏ သီချင်းလား၊ ဘရစ်တာနား၏ သီချင်းလား၊ သိပ်မမှတ်မိတော့ပါ။

ပန်းခရမ်းနုရောင် အအေးဖန်ခွက်တွင် ရေခဲမှုန်ကလေးများ ဥနေကြသည်ကို မြင်ရ၏။ ရစ်ပတ်နှောင်ဖွဲ့တတ်သော

http://www.cherrythitsar.org



သမုဒ္ဒယတွေကို ထည့်ဖျော်ထားသည်ဟု ထင်ချင်စရာ ကောင်းနေသော အအေးကို သူမကော သူကော မသောက်ဖြစ်ဘဲ ထိုင်ငေးနေဖြစ်သည်။ တစ်ဝက်တစ်ပျက် ပေါလော မျောပေါ်နေသော ရေခဲတုံးကလေးသည် တဖြည်းဖြည်းနူးညံ့ ညင်သာစွာ သေးငယ်သွား၏။ နှစ်ယောက်စလုံး၏ အကြည့်တွေ လှပစွာ လေးလံနေကြသည်။

သူမကတော့ ဘာဖြစ်လို့ငိုင်နေသည် မပြောတတ်။ သူကတော့ သွားကိုက်နေခြင်းကြောင့် ဖြစ်၏။ ရေခဲအအေးနှင့် ထိလိုက်လျှင် ပိုကိုက်လာမည်လားဟု တွေးကာ စိုးရွံ့နေသည်။ စကားသုံးလေးခွန်းတော့ အပြန်အလှန် ပြောဖြစ်ကြသေးသည်။ ဘာတွေပြောမိသလဲတော့ သူ မမှတ်မိတော့။ သူ့စိတ်က သွားကိုက်သည့်နေရာဆီ ရောက်နေ၏။

သူမနှင့် သူတို့နှစ်ယောက်သား အပြန်အလှန်အကြည့်တွေကို မီးလှုံသလို လှုံကြသည်။ ရင်ထဲမှာ နွေးထွေးသလို ဖြစ်လာ၏။ (သို့သော် သွားကိုက်သည်ကတော့ ထူးထူးခြားခြား သက်သာမလာပါ။) စတော်ဘယ်ရီဖျော်ရည်ကို တစ်ငုံ စုပ်လိုက်သည်။ နောက်... အဖြေပေးတော့လေ၊ သို့ မဟုတ် အလားတူအဓိပ္ပာယ်ရသော စကားတစ်ခွန်းခွန်းကို သူ ပြောလိုက်သည်။ သူ့အသံက တိုးတိုးဖွဖွ ညင်ညင်သာသာကလေး ဖြစ်၏။ ပန်းခရမ်းရောင် အအေးဖန်ခွက်နှစ်ခွက်

http://www.cherrythitsar.org



ရယ်၊ ဆိုင်ကဖွင့်ပေးတဲ့ သီချင်းသံတိုးတိုးကလေးရယ်၊ သူမ ခေါင်းမှာ ပန်ထားတဲ့ သစ်ခွအပြာတစ်ပွင့်ရယ်၊ နောက်... ထွက်သက်နှင့်အတူရောကာ နှုတ်ခမ်းကို လှုပ်သည်ဆိုရုံ ပြောလိုက်တဲ့ စကားလုံးပါးပါးလှပ်လှပ်ကလေးတွေရယ်... တစ်စုံတစ်ယောက်၏အမြင်တွင် ကဗျာဆန်ကောင်း ဆန်နေပေလိမ့်မည်ဟု သူတွေးမိသည်။ (သို့သော် အမှန်က ပါးစပ်ကျယ်ကျယ်ဟလိုက်လျှင် သွားက ပိုနာမည်စိုးသောကြောင့် နှုတ်ခမ်းကို လှုပ်သည်ဆိုရုံ ပြောရခြင်း ဖြစ်၏။)

သူမက ပိုက်ဆံအိတ်ကလေးထဲမှ ဘောလ်ပင်တစ်ချောင်းကို ထုတ်လိုက်သည်။ နောက်... သူ့လက်ဖဝါးကို သူမဘက်သို့ ဆွဲယူ၏။ သူ့လက်ဖဝါးပေါ်တွင် စာရေးရန် ဟန်ပြင်သည်။ လက်ချင်း ထိနေသောကြောင့် သူအနည်း ငယ် ရင်ခုန်လာ၏။

"မျက်စိမှိတ်ထားလေ..."

ဟု သူမက လှမ်းပြော၏။ အင်းပေါ့လေ...ဒါ ဇာတ်ဝင်ခန်းတစ်ခန်းပေါ့။ သူ မျက်စိမှိတ်လိုက်သည်။

လက်ဖဝါးပေါ် ဘောလ်ပင်ထိပ်ဖျား ရွေ့လျားသွားသော အထိအတွေ့ကို ရ၏။ ဘောလ်ပင်က မင်သိပ်လိုက်ပုံ မရ။ တစ်ချက်တစ်ချက်တွင် ဖိ၍ရေးမှ ရသည်ထင်၏။ ထိုအခါမျိုးတွင် စူး၍နာကျင်သွားသည်။ ဒုက္ခပါပဲ...သွားက

http://www.cherrythitsar.org



ကိုက်တာနဲ့၊ လက်ဖဝါးက နာတာနဲ့။ သူ စိတ်ကို တခြားသို့ လွှဲထားလိုက်သည်။ အိမ်မှာ မလျှော်ရသေးသော အဝတ်များအကြောင်း ဖျတ်ခနဲ ခေါင်းထဲရောက်လာ၏။ အင်း… အဝတ်ဆိုလို့ အခုမှ သတိရတယ်။ ဟိုကောင်တင်အောင် ထွေး အင်္ကျီငှားဝတ်သွားတာ ခုထိ ပြန်လာမပေးသေးဘူး။

သူမ စာရေး၍ ပြီးသွားပုံရသည်။ သူ မျက်စိကို ပြန်မဖွင့်ဖြစ်သေး။ နှစ်ယောက်စလုံး ခဏမျှကြာအောင် ငြိမ်သက်နေဖြစ်၏။ သူမက သူ့လက်ချောင်းကလေးများကို လက်သီးဖွဖွ ဆုပ်ထားသည့်သဏ္ဌာန်ဖြစ်အောင် လက်ဖဝါးအတွင်းသို့ ပြန်ခေါက်ထည့်ပြီးမှ …

"မျက်စိဖွင့်တော့လေ"

ဘာပဲပြောပြော တကယ်ဆိုလျှင် သည်နေရာတွင် ရင်ခုန်သင့်ပါသည်။ ဘယ်လိုအဖြေ ရေးထားမည်ဆိုသည်ကို သိပ်ခက်ခက်ခဲခဲ တွေးကြည့်နေစရာ မလိုပါ။ သူ စိတ်ထဲက ကြိုသိနေနှင့်ပြီးသားဖြစ်၏။ ချစ်တယ်ပေါ့။ ဒါပါပဲ။

သိနေနှင့်ပြီးသား အဖြေဖြစ်သော်လည်း သည်လိုကိစ္စမျိုးတွင် လက်ဖဝါးပေါ်မှ အဖြေကို ထီပေါက်စဉ်တိုက်သလို ကမန်းကတမ်း ပြူးတူးပြဲတဲ ကြည့်ဖို့မသင့်။ ရိုင်းရာကျမည်

BOOKMAN
Publishing House

http://www.cherrythitsar.org



ဟု သူ ထင်၏။ (သူ့စိတ်ထင်သာ ဖြစ်သည်။ ဟုတ်ချင်မှ ဟုတ်ပေလိမ့်မည်။)

⋇

သူ လက်သီးဆုပ်ထားရာမှ လက်ချောင်းကလေးများကို တစ်ချောင်းချင်းစီ ဖြည်းဖြည်း ဆန့်ဖြေလိုက်သည်။ လက်ဖဝါးပေါ်တွင် အပြာရောင်မင်ဖြင့်

'တစ်ဘဝလုံးစာ ချစ်ပါတယ်'

ဟု ရေးထားသည်ကို ဖတ်ရ၏။ အင်း...ဒါပဲပေါ့။ ထင်ထားတဲ့အတိုင်းပါပဲ။

⋇

ကဲ...ကိုယ် ရည်းစားစကားပြောထားမိခဲ့သည့် ကောင်မလေးဆီက 'ချစ်ပါတယ်' ဟု တုံ့ပြန်သည့်အဖြေကို ရပြီ။ ဘာလုပ်ရရင် ကောင်းမလဲ။ သွားဖြဲပြီး သူမကို တဟဲဟဲ ရယ်ပြလိုက်ရမလား။ ဟင့်အင်း...ငပေါကြီးလို့ ထင်သွားမှာပေါ့။ ဒီနေ့ ကိုယ့်ဘဝမှာ အပျော်ဆုံးနေ့ပဲကွာဟု ရပ်ရှင်ထဲကလို မြူးထူးတက်ကြွသည့်အသံဖြင့် ရေရွတ်လိုက်ရမည်လား။ ဒါလည်း မဖြစ်သေးပါ။ သွားကိုက်နေသောကြောင့် မြူးထူးသည့်အသံကို သူ ဘယ်လိုမှ လုပ်ယူနိုင်မည်မဟုတ်

http://www.cherrythitsar.org



ပါ။ မချိမဆန့် ညည်းတွားသည့်အသံမျိုး ထွက်နေလျှင် မကောင်းတတ်ဘူးမဟုတ်လား။

ဒါဖြင့် ဒီလိုအချိန်မျိုးမှာ တခြားလူတွေကကော ဘယ်လိုလုပ်ကြသနည်း။ သူကတော့ သွား တော်တော်ကိုက်နေ၏။ တင်အောင်ထွေးဆီက အကျီကို သွားပြန်တောင်းဦးမှ။ ဒီကောင်က ဆေးပေါ့လိပ် သိပ်သောက်တာ။ အကျီမီးပေါက်ကုန်ရင် ပြဿနာပဲ။ ကောင်မလေးကို ငါ ဘာပြောရင်ကောင်းမလဲ။ ကောင်မလေးကတော့ ခေါင်းငုံ့ကာ မျက်နှာလွှဲထား၏။ အရမ်းရှက်နေသည့်ပုံ ပေါ်လွင်နေသည်။

တကယ့်တကယ် သူမ(နည်းနည်းပါးပါး) ရှက်ကောင်းရှက်မည်ဖြစ်သော်လည်း အခု သူမ အမူအရာ လုပ်ပြနေသလောက်တော့ အလွန်အကျွံကြီး ရှက်နေခြင်းမဟုတ်မှန်း သူ အလိုလို သိနေ၏။ သည်လိုအတွေ့အကြုံမျိုးသည် သူမအတွက် ပထမဦးဆုံးအကြိမ် မဟုတ်သည်မှာ သေချာပါသည်။ အခုတော့ အမူအရာက နည်းနည်းလွန်နေ၏။ ကဲ ... ကောင်မလေးရေ... ပြဇာတ်ဆန်နေပြီကွယ်။

သွားက တဆစ်ဆစ်ကိုက်လာ၏။ ကဲ...ငါ ဘာလုပ်ရမှာလဲ။ ဒီနေ့ကျမှ ကောင်မလေးက အဝါရောင်ဝတ်စုံ ဝတ်လာမှန်း သူ သတိထားမိသွားသည်။

http://www.cherrythitsar.org



အင်း... လှတော့လှသားပဲ။ အရင်တစ်ခေါက်တုန်းက တင်အောင်ထွေး ငှားဝတ်သွားပြီး မီးပေါက်လာသည့် အင်္ကျီကိုတောင် အခုထက်ထိ ဆိုင်ပို့ပြီး မဖာရသေး။ ဟောဒီ အဝါရောင်ရွှေငါးမလေးအတွက်...ငါ ဘာတစ်ခုခုများ လုပ်ပေးရရင် ကောင်းမလဲကွယ်။ သူမရဲ့ လက်ဖဝါးလေးကို ညင်ညင်သာသာ ဖွဖွကလေး ဆုပ်ကိုင်လိုက်ရင်ကော...။ အင်း...အိမ်ပြန်ရောက်ရင် သွားဆရာဝန်တစ်ယောက်ယောက်နဲ့ သွားပြဦးမှပါ။

⋇

စားပွဲစွန်းတွင် တင်ထားသော ကောင်မလေး၏ လက်ဖမိုးပေါ်သို့ သူ့ လက်ကိုတင်ကာ ဖွဖွကလေး ငုံကိုင်လိုက်သည်။ အဝါရောင်ကောင်မလေး၏ ပခုံးအစွန်တွင် လိပ်ပြာတစ်ကောင် နားနေ၏။ ပိုးသားပဝါဖြင့် သိမ်းထုပ်ထားသည့် ခရေပွင့်ခြောက်များ၏ ရနံ့ကို ရသည်။ နှီးထခါစချစ်ခြင်း၏ ကပိုကရိုအပြုံးကို မြင်ရ၏။ ပုန်းလျှိုးကွယ်လျှိုး လုပ်နေ သောအိပ်မက်တစ်ခု၏ ရယ်သံကိုလည်း ကြားရပြီ။

သို့သော်... သူ သွားကိုက်နေသည်မှာ မသက်သာသေး။

'အချစ်သည်သွားကိုက်ခြင်းကို သက်သာပျောက်ကင်းစေနိုင်သည်' ဟု မည်သည့်ဆေးကျမ်းကြော်ငြာတွင်မှ မဖတ်ဖူး

http://www.cherrythitsar.org



သောကြောင့် သည်ကိစ္စကို သူစိတ်အနှောင့်အယှက် တစ်စုံတစ်ရာ မဖြစ်ပါ။ လူ့ဘဝ၏ အချိုးအဆစ်မပြေပြစ်မှုများ၊ ကမောက်ကမဖြစ်မှုများကို သည်လို တစ်စုတစ်ဝေးတည်း တွေ့ရခြင်းသည်လည်း အထူးတလည် တိုက်ဆိုင်မှုတစ်ရပ်ဟု ယူဆမနေဖြစ်တော့ပါ။ အချစ်...၊ သွားကိုက်ခြင်း...၊ အဝါရောင်ကောင်မလေး...၊ အကျီဆေးလိပ်မီးပေါက်...၊ အရာရာသည် ဘာမှ ဆန်းဆန်းပြားပြား ရင်ခုန်နေစရာ ဖြစ်ပျက်ပြနေကြသည်မဟုတ်ကြောင်း ခရီးသွားဟန်လွှဲ သိရှိခဲ့သည်မှာ ကြာပြီ။

ပိုဆိုးသွားသောတစ်ချက်မှာ ...

ကောင်မလေးက သူ့ကို သကြားလုံးလေးတစ်လုံး ကျွေးခြင်းဖြစ်သည်။ ဟိုတစ်ခါတုန်းက သူမကို သူ ကျွေးခဲ့ဖူးသော သကြားလုံးအမျိုးအစားပင် ဖြစ်၏။ ဘယ်ကဘယ်လို ကြံကြံဖန်ဖန် ရှာဝယ်လာသည် မပြောတတ်။ သကြားလုံးကိုပတ်ထားသည့် အခွံအရောင်ပင်လျှင် တစ်ထပ်တည်း တူနေသည်။

သူမ၏ စိတ်ကူးလှလှကလေးကို ကျေးဇူးတင်ဖို့ ကောင်းသော်လည်း သွားကိုက်နေသည့်အချိန်တွင် သကြားလုံးစားရသည်မှာ ဘယ်လိုမှ သည်းခံချင်စရာမကောင်းသော ကိစ္စဖြစ်ပါသည်။ အနုပညာရှင်အချို့က သူတို့၏ အနုပညာ

http://www.cherrythitsar.org



လက်ရာများအား အဘယ်ကြောင့် အချိုးဖျက်ဖန်တီးကြ သည်ဆိုခြင်းကို သူ နားလည်ရိပ်မိသလိုလို ရှိလာ၏။

❒

BOOKMAN
Publishing House

http://www.cherrythitsar.org

# အခန်း ( ၅ )

## အနက်ရောင်မိန်းမ

အိပ်မက်တွေကို ...

ကျစ်ဆံမြီးလိုကျစ်တတ်တဲ့ ကောင်မလေးရေ ...

မင်း ဆံပင်ရှည်ရှည်တွေ

ည ...ညဆို ငါ့ကို တစ္ဆေလိုခြောက်နေပေါ့ ...

(၁၉၉၄)

(မကောင်းဆိုးဝါးကောင်မလေး)

BOOKMAN
Publishing House

http://www.cherrythitsar.org

သူ ချောင်းကြည့်နေသည်။

ဘာကိုမှ တာဝန်မယူရဲသူတစ်ယောက်၏ စိုးရိမ်ထိတ်လန့်မှုမျိုး၊ တစ်ဝက်တစ်ပျက် စိတ်လွတ်လပ်ပေါ့ပါးမှုမျိုး ဖြင့် တစ်ဖက်အိမ် ပြတင်းပေါက်မှ အမျိုးသမီးသဏ္ဍာန် အရိပ်ကို သူ ချောင်းကြည့်နေလေသည်။

❋

သူ့အသက်ရှူသံကို သူ ပြန်ကြားနေရ၏။ ကြည့်နေရင်းနှင့် ထိုအရိပ်ကို သူ့လက်ဖြင့် လှမ်းထိကိုင်လိုက်လျှင်ပင် ရနိုင်တော့မည်ဟု အောက်မေ့ချင်လာသည်။ ဟင့်အင်း … မလုပ်နဲ့၊ မလုပ်နဲ့…။ သည်အတိုင်းပဲ ကြည့်နေရအောင်။ ပဟေဠိတစ်ပုဒ်ကို ဖြေကြည့်နေတဲ့ ကလေးငယ်တစ်ယောက်ရဲ့ အာရုံစူးစိုက်မှုမျိုးနဲ့လေ…။

BOOKMAN
Publishing House

http://www.cherrythitsar.org



အသေအချာတွေးကြည့်လျှင် ထိုအရပ်ပိုင်ရှင် အနက်ရောင်ကောင်မလေး၏ မျက်နှာကိုပင် မမြင်ဖူးချင်ဘဲ သည်အတိုင်း ပဟေဠိဆန်နေစေချင်ပါသည်။ (သူ နေထိုင်ရာလမ်း၏ ထောင့်ချိုးတစ်ဖက်ကို ဖြတ်ပြီး မျက်နှာချင်းဆိုင်တစ်နေရာမှာ သွားစောင့်ကြည့်လျှင် ထိုအနက်ရောင် ကောင်မလေး၏ အိမ်အဝင်ဝကို မြင်နိုင်မှန်း သူ သိသော်လည်း သူ လုံးဝမသွားခဲ့ပါ။) သူ့အတွက် ချစ်ရန်အကြောင်း လုံလောက်သော အရာဝတ္ထုတစ်ခု ရှိနေပြီပဲလေ။ ထိုအရာဝတ္ထုသည် ပီပီပြင်ပြင် မမြင်ရသော အရိပ်တစ်ခုသာ ဖြစ်နေခြင်းသည်လည်း တကယ်တော့ သူ့အတွက် အရေးကြီးလှသည် မဟုတ်ပါ။ အချစ် ဖြစ်ပေါ်ဖို့အတွက် မိန်းကလေးတစ်ယောက်ကို တစ်ပေခွဲအကွာလောက်က သွားကြည့်မှဖြစ်မည်ဟု ထင်ခြင်းသည် ရှုးနှမ်းခြင်းသာ ဖြစ်ပေလိမ့်မည်။

တကယ့်အချစ်သည် ချစ်သူ၏ အရိပ်တစ်ခုကို မြင်ရရုံမျှဖြင့် လုံလောက်ပါသည်။

※

ဟော...ဟိုမှာ၊ သူမ...ထိုင်ခုံက ထသွားပြီ။

ထိုအရိပ်မှာ လက်မောင်းကလေးအလှုပ်၊ ခေါင်းကလေးအငဲ့သည်ပင် သူ့ရင်ကို ခုန်စေနိုင်လွန်းသည်။ ကိုယ်ကိုတစ်ချက်နွဲ့၍ ဆံပင်ဖားလျားကို ဆတ်ခနဲ လှုပ်ရမ်းလိုက်ပုံ

http://www.cherrythitsar.org



ကကော…၊ ကြည့်လေ…၊ အို…လှိုင်းတစ်ခုက လူယောင်ဖန်ဆင်းလာပုံမျိုး မဟုတ်ဘူးလား။ နူးညံ့အင်အားရှိစွာ လှုပနေလိုက်တာကွယ်။

မျက်နှာသွင်ပြင် မည့်သို့ရှိမည်မှန်းမသိသည့် မိန်းမတစ်ယောက်အပေါ် ထားရှိမိသော ချစ်ခြင်းတွင် တပ်မက်စိတ်နှင့် မြှော်လင့်မှုမျိုး မပါ၊ မသမာစွာ ဖန်တီးထားသည့် လှုံ့ဆော်စိတ်များ မပါ။ ပိုင်ဆိုင်မှု မပါ။ အတ္တ မပါ။ လိင်ကိစ္စ မပါ။ အလွန်သန့်ရှင်းသော အချစ်ဖြစ်ကြောင်း သူ့ရှေ့မှောက်တွင် သူကိုယ်တိုင် ဝန်ခံကတိလက်မှတ် ရေးထိုးနိုင်ပါသည်။ (ထို့အတွက် သူ နည်းနည်းပါးပါးလည်း ဂုဏ်ယူနိုင်ပါသည်။)

⁂

အနက်ရောင်မိန်းမသည် ပြတင်းဝအနီးတွင် ရပ်လျက် ဆံပင်တွေကို ဘီးတစ်ချောင်းဖြင့်သပ်ကာ ဖီးနေ၏။ နောက် …ခေါင်းကို မော့လိုက်ပြီး ဆံပင်တွေကို လည်တိုင်ဘေးမှ သွယ်ပတ်ကာ ရင်ခွင်ရှေ့တွင် ညင်ညင်သာသာ ချလိုက်သည်။ ကဲ…ကြည့်စမ်းပါဦးကွယ်၊ ခေါင်းကလေးမော့နေတဲ့ အနက်ရောင်နတ်သမီးတစ်ပါးရဲ့ ကျက်သရေကို …။

သူ့အချစ်ထဲတွင် လေးစားရှိသေမှု၊ ခန့်ညားမှု၊ မြတ်နိုးကိုးကွယ်မှုတို့ပါ ရောယှက်ပါဝင်နေသည်ကို သူ နည်းနည်း

http://www.cherrythitsar.org



တော့ သတိထားမိလာ၏။ ဘာဖြစ်လဲ... အဲဒါတွေပါနေ တော့ကော ဘာဖြစ်သေးလဲ။ တစ်စုံတစ်ယောက်က မေး လာလျှင် အနည်းငယ် အဖြေရခက်သည်ကလွဲပြီး ဘာမှ ပြဿနာမရှိဟု သူ ထင်သည်။

ဘာမှ ရေရေရာရာ သိထားခြင်းမျိုးဖြင့်မဟုတ်ဘဲ သည် အရိပ်ပိုင်ရှင် မိန်းမကို ဘာကြောင့် သူ အလိုလို လေးစား မြတ်နိုး ကိုးကွယ်နေရတာလဲ။ 'အချစ်ဆိုသည်မှာ အထင် ကြီးမှုက စတတ်သည်' ဟူသော အဆိုကို(သိပ်အသေးစိပ် မငြင်းခုံရဘူးဆိုလျှင်)သူ လက်ခံပါသည်။ သူ ထိုအနက် ရောင်မိန်းမကို 'အထင်ကြီးစွာချစ်သည်' ပေါ့။ ဘာကြောင့် အထင်ကြီးရသလဲဟု ထပ်မေးလာလျှင်တော့ သူ့မှာ ဖြေ စရာ မရှိပါ။ ထိုအရာသည် သူကိုယ်တိုင်အတွက်ပင်လျှင် ပဟေဠိပုစ္ဆာတစ်ပုဒ် ဖြစ်၏။

သူကတော့ ...

အမည်နာမ တပ်မရသေးသည့် အင်အားကြီးမားသော 'တစ်စုံတစ်ရာ' သည် သူ့အတွက် ထိုမိန်းမထံမှာ ရှိနေသည် ဟု အလိုလို ယုံကြည်နေလေသည်။

အထူးသဖြင့်တော့...၊ ဟို...မိတ္တူဆိုင်က အဝါရောင် ကောင်မလေးထံမှ မရနိုင်သည့် တစ်စုံတစ်ရာပေါ့...။ အဲဒီ ကောင်မလေးကို ချစ်ခဲ့မိတာ မှားလိုက်တာ။ ဟင့်အင်း...၊

BOOKMAN
Publishing House

http://www.cherrythitsar.org



တိတိကျကျ ပြောရလျှင် ထိုကောင်မလေးကို ချစ်သည်ဟု သူ့ဘာသာသူ စိတ်က အရမ်းထင်မြင်ပစ်လိုက်ခဲ့မိခြင်း ဖြစ်ပါသည်။

ထိုထင်မြင်ချက် မှားယွင်းကြောင်းကိုလည်း ယခု ပြတင်းပေါက်မှ အရိပ်ပိုင်ရှင်ကို မြင်ပြီးမှ နားလည်သွားခြင်းဖြစ်၏။ (အင်း... အမှားပြင်ဆင်ချက်ကများ ထပ်မှားနေဦးမှာလား။ မပြောနိုင်ပါ။ လူ့စိတ်ဆိုသည်က ဆင်ခြင်မှား ယုတ္တိဗေဒများဖြင့် ပွဲနေပွဲထိုင်သွားတတ်သော အရာဖြစ်၏။) တည့်တည့်ကြီးကို လွဲချော်ခဲ့ပေါ့ ကောင်မလေးရေ...။

※

သူ နည်းနည်းတော့ စိုးရိမ်သွား၏။

ထို သူမအရိပ်က ပြတင်းပေါက်တည့်တည့်တွင် လာရပ်နေသည်ကို မြင်လိုက်ရသည်။ သူမ၏ မျက်နှာက သူချောင်းကြည့်နေရာ အခန်းဆီသို့ တည့်တည့်ကြည့်နေ၏။ အလင်းရောင်က သူမ၏ နောက်ကျောဘက်မှ လာခြင်းဖြစ်သောကြောင့် သူမမျက်နှာကို မမြင်၊ အလင်းကို ကွယ်ထားသလို ဖြစ်နေ၏။ အကွာအဝေးကလည်း အတော်လှမ်းနေသည်။

BOOKMAN
Publishing House

http://www.cherrythitsar.org



သို့သော် သူရှိရာဆီသို့ ကြည့်နေခြင်းဖြစ်မှန်းကတော့ သူ့စိတ်ထဲမှာ သေချာနေ၏။ သူ့ရင်တွေ တထိတ်ထိတ် ခုန်လာသည်။ ပြတင်းပေါက်ဘောင်ကို ကိုင်ထားသောလက် ဖဝါးထဲမှာ ချွေးစေးတွေ ထွက်နေပြီဟု အောက်မေ့မိ၏။ ရုတ်တရက်ကြီး အားနည်းသွားသလိုမျိုး လက်ချောင်းတွေ အကိုင်အတွယ်မမြဲတော့သလို ခံစားရ၏။

ငါ ဘာလုပ်ရမလဲ… ငါ့ကိုမြင်သွားရင်တော့ ဒုက္ခပဲ ဟု သူ စိတ်ကတုန်ကယင်ဖြင့် သူမက ပြတင်းတံခါးကို ဖွင့်လိုက်လေသည်။

❐

http://www.cherrythitsar.org

BOOKMAN
Publishing House

http://www.cherrythitsar.org

# အခန်း ( ၆ )
# အဝါရောင်မိန်းမ

ပိုးလောက်လန်းတွေကို
စစ်နေရမှာနဲ့စာရင်
အချစ်ကို သွန်ပစ်လိုက်ရတာက ကောင်းတယ် ...

(၁၉၉၂)
(ရောဂါ...)

BOOKMAN
Publishing House

http://www.cherrythitsar.org



ရွှေအကြောင်း ဖယောင်းသက်သေဟူသော စကားကို ပြောဆိုသုံးနှုန်းကြရာတွင် ရွှေစစ်မစစ်ကို ဖယောင်းဖြင့် သက်သေပြ၍ရသည်ဟု ဆိုလိုကြောင်း ရှင်းပြစရာမလိုဘဲ လူတိုင်းနီးပါး နားလည်ပါလိမ့်မည်။ သို့သော်...သူကတော့ ရွှေက အစစ်ဖြစ်လျက်သားနှင့် သက်သေခံမည့် ဖယောင်းတိုင်က အတုဖြစ်နေလျှင်ကော အဖြေမှန်ထွက်ပါ့မလားဟု တွေးကာ ပူမိ၏။

တကယ်တမ်း အတုဖြစ်ကြပြီဆိုလျှင် သက်သေခံချက်များသည် ဘာမှ အသုံးဝင်တော့သည် မဟုတ်ပါ။

သူသည် အတုဖြစ်၏။ အဝါရောင်ကောင်မလေးသည် အတုဖြစ်၏။ အချစ်သည် အတုဖြစ်၏။ ဆင်ခြင်တုံတရား

http://www.cherrythitsar.org



များဖြင့် လှပအောင် တန်ဆာဆင်ထားသည့် လောကသည် အတုဖြစ်၏။ လိပ်ခေါင်းပျောက်ဆေးကြော်ငြာသည် အတုဖြစ်၏။ လူရှေ့သူရှေ့တွင်မှ ရှက်ချင်ယောင်ဆောင်သော ဟီရိဩတ္တပ္ပတရားသည် အတုဖြစ်၏။ ယခုတော့... ယိုသူကော မြင်သူပါ မရှက်ကြတော့ပါ။ ထို့ကြောင့် အရှက်တရားကိုယ်တိုင်က ယိုသူနှင့်မြင်သူတို့၏အနားတွင် နေရသည်ကို သူ့ဘာသာသူ ပြန်ရှက်ပြီး အဝေးကို ထွက်ပြေးသွားပြီ။

⁂

အချိန်တွေ ပေးလိုက်ရသည်နှင့်အမျှ သူနှင့်အဝါရောင် ကောင်မလေးတို့နှစ်ဦးကြားမှ ဟန်ဆောင်ထားသော နွေးထွေးမှုတို့သည်လည်း တဖြည်းဖြည်း အေးစက်လာခဲ့သည်။

ဟိုး....တစ်ချိန်တုန်းကတော့ သွားကိုက်နေရသည့်ကြားထဲ သကြားလုံး အတင်းကျွေးခဲ့သော ထို သေချင်းဆိုးမလေးသည် ယခုတော့ သူနှင့် အအေးဆိုင် ခဏတဖြုတ်လိုက်ထိုင်ရမည်ကိုပင် ပျင်းရိငြီးငွေ့ တတ်လာပြီ။

အမှန်အတိုင်းပြောရလျှင် သူကိုယ်တိုင်ကလည်း ထိုကောင်မလေးရှိရာ မိတ္တူဆိုင်ကို သွား၊ အနီးအပါးက အအေးဆိုင်တွင် ခဏထိုင် စကားပြော၊ နောက်... ပြန်လာ ... စသဖြင့် ပုံစံသေ အချိန်ဖြုန်းနည်းကို စိတ်ကုန်ပျင်းရိနေသည်မှာ ကြာပြီဖြစ်၏။ အမေသိမှာစိုးလို့ဟူသော အကြောင်းပြ

BOOKMAN
Publishing House

http://www.cherrythitsar.org



ချက်ဖြင့် အိမ်မှာ လာတွေ့ခွင့်မပြု။ အိမ်နားမှာ အရိပ်အယောင် လာပြမနေနိုင်စေရန် နေသောအိမ်ကိုပင် အတိအကျမပြော၊ မိတ္တူဆိုင်မှ အပြန်ကို လိုက်ပို့ရန်လည်း တားမြစ်ထားသည်။

ချစ်သူတွေ ဖြစ်ကြလျက်သားနှင့် ကြည်ကြည်နူးနူးနွေးနွေးထွေးထွေး မနေရဘဲ ဆံပင်ညှပ်ဆိုင်မှ ထိုင်ခုံလို… ခဏထိုင်သည်ဆိုယုံကလေး တွေ့ကြရသည်မှာ အတော်ကသိကအောက်နိုင်သော ရည်စားဘဝဟု သူ ထင်ဖြစ်၏။

သည်ကြားထဲ တွေ့ရသည့်ခဏတာလေးထဲတွင် ရံဖန်ရံခါ စကားပြောရဆိုရသည်မှာ အပေးအယူမတည့်။ သူက…

"ဆံပင်တွေကို ဘာလို့ အဲလို အပေါ်ကိုပြန်ခေါက်ပြီး ထုံးထားရတာလဲ၊ နဂိုအတိုင်း ကျောပေါ်မှာ ဖြန့်ချထားပါလား"

(အမှန်တော့ သူ့စိတ်ကို တိတ်တိတ်ကလေး အပိုင်သိမ်းထားသည့် အနက်ရောင်အရိပ်မကလေး၏ ဆံပင်တွေအပေါ် စွဲလမ်းစိတ်တစ်ဝက်၊ နှိုင်းယှဉ်စိတ်တစ်ဝက်ဖြင့် ပြောလိုက်ခြင်းဖြစ်ကြောင်း သူ့ဘာသာ ပြန်သတိထားမိသည်။) သူမက …

"ဟာ…ဒီမှာ အလုပ်တွေကျလာရင် စိတ်ရှုပ်ရတာက တစ်ဖက်၊ အဲဒီဆံပင်ကြီး ဖိုးရိုးဖားရားက တစ်ဖက်နဲ့

http://www.cherrythitsar.org



ဆံပင်တွေ ခေါက်ချိုးကြေမကုန်အောင် ပြန်ဖြန့်တော့ ဖြန့်ရတာပေါ့၊ ဒါပေမယ့် အိမ်ရောက်မှ ...”

သေချင်းဆိုးမလေးဟု သူ့စိတ်ထဲက ကျိတ်၍ ကျိန်ဆဲမိ၏။ ချစ်သူ၏ ရင်ခုန်သံအကြောင်း ဘာမှ နားမလည်။

တကယ်တော့ နားလည်သည့်တိုင် တမင်လိုက်လျောပေးလိုချင်စိတ် ခန်းခြောက်နေခြင်းလည်း ဖြစ်နိုင်ပါသည်။ သြော်...စတွေ့ကာစကလို သူကလည်း သူမ၏အိပ်မက်ထဲမှ စိတ်ကူးယဉ်ရွှေမင်းသားလေး မဟုတ်တော့။ သူမကလည်း သူ့ရင်ခုန်သံပန်းပွင့်နတ်သမီးလေး မဟုတ်တော့ပြီ။ (ကောင်မလေးက သူ ထင်ထားသလောက်လည်း လေးလေးနက်နက်စကားတွေ ပြောတတ်လှသည်မဟုတ်ပါ။)

နှစ်ယောက်စလုံး သူလိုငါလို သာမန်ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်သာဖြစ်ကြောင်း အချင်းချင်း နားလည်ပြီးစီးသွားခဲ့ပြီ။

သမုဒယတွေ အသစ်တစ်ဖန် နိုးထဖူးငုံလာလေမလားဟူသည့် မျှော်လင့်ချက်ဖြင့် (သူ့ကိုယ်သူ) ပြန်အားပေးဖို့ ကြိုးစားကြည့်ဖူးသည်။ မရုက်တမ်း ဝန်ခံရလျှင်...သူ...သူမ၏ပါးကို တစ်ကြိမ် နမ်းဖြစ်ခဲ့ပါသည်။

http://www.cherrythitsar.org



နမ်းရှိုက်လိုက်တော့မည်ဟု တွေးနေဆဲအချိန်တွင် သူသည် အရာရာကို မသိ၊ မမြင်၊ မကြားသလို ဖြစ်နေ၏။ ရင်ခုန်မနေသလားဟုပင် ကိုယ့်ကိုယ်ကို ပြန်မသိ။ သီးခြားကင်းလွတ်သော ခံစားမှုတစ်ခုဖြင့် ထုံသလို၊ မူးယစ်ရီဝေသလို ဖြစ်နေ၏။

ဝတ်မှုန်အဝါရောင် ဝင်းပသော ပါးပြင်နှင့်ထိလုဆဲဆဲ အချိန်အခိုက်အတန့်ကလေးမှာ သူ တဒင်္ဂ ရူးသွပ်၏။ စူးရှသည့် အလင်းတစ်ခုကြောင့် ကမ္ဘာမြေ မှောင်သွားသည်။ တောင်စဉ်ခုနစ်ထပ်ပေါ်မှာ နေကြာပန်းရိုင်းဝါဝါတွေ ...၊ ရွှေရည်ဖြာလက်သောတိမ်တွေ...၊ နှင်းဆီပွင့်တို့ဖြင့်ဆောက်ထားသော အိမ်တစ်လုံးထဲမှာ စောင်းသံသဲ့သဲ့ ကြားရသည်။ တစ်လောကလုံးမှာ ပါးပြင်ဝါဝါကလေးတစ်ဖက်ကိုသာ မြင်ရသည်။ ဂီတသံ မဆုံးသေးဘူးလား၊ အချိန်တွေ နာရီပေါင်းများစွာ ကြာညောင်းသွားပြီးခဲ့ပြီလိုလို အောက်မေ့မိ၏။ စိတ်သည် ဘယ်နေရာမှန်းမသိသော နေရာတစ်ခုတွင် ငြိမ်သက်စွာ ပုန်းအောင်းနေသည်။

ပါးပြင်နှင့် ထိလိုက်သည်။ အေးစက်သော အသားတုံးတစ်တုံးနှင့် ပူးကပ်ထိသွားခြင်းပင် ဖြစ်၏။

ကိုယ်ငွေ့နည်းနည်းနဲ့ နူးညံ့တာကလွဲရင် ရော်ဘာတုံးကြီးတစ်တုံးလိုပါပဲ။ သူ့ခံစားချက်တွေ ဝေါခနဲ ပြိုဆင်းကျ

http://www.cherrythitsar.org



သွား၏။ ဘာမှမကျန်ရစ်တော့သည်အထိ။

အေးစက်စက်ပြောင်ချောချော အသားတစ်တုံးကို သူ့နှာသီးဖျားဖြင့် ထိလိုက်ရသည်ဟူသည့်အသိဖြင့် သူသာလျှင် စိတ်ပျက်ညစ်ညူးစွာ ကျန်ရစ်သည်။ အဲဒါလား... ဒါလား။ ဟင်...ငါ မျှော်လင့်ထားသလောက်လည်း မဟုတ်ပါဘူး။

စိတ်ကူးရင်ခုန်သံများကို အားနာစရာပင် ကောင်းနေတော့သည်။ အဲဒီ ဘာမှမဟုတ်တဲ့ဟာကြီးကို လူတွေက ဘာထူးထူးခြားခြား လုပ်နေကြပါလိမ့်။ အလကားဟာကြီး။

သူ နောင်တရသလိုပင် ဖြစ်မိ၏။ ဘာခံစားချက်၊ ဘာအချစ်၊ ဘာသမုဒယ၊ ဘာရင်ခုန်သံမှ ဖြစ်မလာပါ။ နောက်ထပ်လည်း...သူ ဘယ်တော့မှ ကြိုးစားတော့မည် မဟုတ်သည်မှာ သေချာသွားလေသည်။

⁂

သည်လိုနှင့်ပင်...ပျင်းရိငြီးငွေ့ဖွယ်ရာ ပြဇာတ်တစ်ပုဒ် မှ ခပ်ညံ့ညံ့သရုပ်ဆောင်များနှင့် တူနေသည့် သူနှင့် အဝါရောင်ကောင်မလေးတို့သည် ပြီးဆုံးသွားတော့မည့် အချိန်တစ်ချိန်ကို တိတ်တိတ်ကလေး စောင့်မျှော်နေမိကြ၏။

⁂

တကယ်တော့ ဘယ်သူမှ ဘာမှမဟုတ်ပါ။ အနမ်းဆိုသည်မှာ အသားတုံးနှစ်ခု ထိမိခြင်းသာ ဖြစ်ပြီး ကျန်တာ

http://www.cherrythitsar.org



ဘာမှမဟုတ်ပါ။ (ကျကျနန နိုပ်နယ်တတ်သည့် အနိုပ်သည် တစ်ယောက်၏လက်မှ အသားနှင့် ထိတွေ့ရခြင်းကပင် ပို၍ ဖိမ်ကျပါသေးသည်။) အချစ်ဆိုသည်မှာ ကြော်ငြာကောင်း၍ ဝယ်စားနေဖြစ်သော ခေါက်ဆွဲပြုတ်တစ်ထုပ်သာ ဖြစ်၏။ မျှော်လင့်ထားသလောက် အရသာရှိလှသည် မဟုတ်ပါ။ မျက်လုံးကလေး ပြူးပြရုံ၊ နှုတ်ခမ်းကလေး ဝိုင်းပြရုံလောက် လုပ်တတ်သူတစ်ယောက်က သိပ်ကောင်းတာပဲ၊ စားကြည့် နော်ဟု ပြောတိုင်း မယုံပါနှင့်။

ဒါပါပဲ။ လောကကြီးကို မယုံပါနှင့်။

❐

http://www.cherrythitsar.org



## အခန်း ( ၇ )
## အနက်ရောင်မိန်းမ

အလင်းတွေရဲ့တောင်ပံနဲ့
ချစ်သူရေ... ကမ္ဘာတစ်ပတ် အပြည့်ပျံစမ်းပ၊
ဟောဒီကောင် ရင်ဘတ်အကန်းကို
လမ်းပြမယ့်သူ မရှိလို့ပါ ...

(၁၉၉၁)
(အောက်စီဂျင်အနမ်း)

BOOKMAN
Publishing House

http://www.cherrythitsar.org



ညပြတင်းမှာ လမင်းသာနေပြီ။

ပြတင်းပေါက်ကိုဖွင့်ပြီး သူရှိရာဘက်ဆီသို့ လှမ်းကြည့်နေသောကြောင့် သူ ရင်တထိတ်ထိတ်ခုန်နေ၏။ သူ ပြန်မကြည့်ရဲ။ မျက်လုံးကို မှိတ်ထားဖြစ်၏။ နံရံအကွယ်ဆီသို့ သူ့ခေါင်းကို ရုတ်တရက် မြန်မြန်ဆန်ဆန်ကြီး မရွှေ့မကွယ်ရဲ၊ ဖျတ်ခနဲ လှုပ်ရှားလိုက်ကာမှ သူမ သတိထားမိသွားပြီး တစ်စုံတစ်ယောက်က သူမကို ချောင်းကြည့်နေခဲ့ကြောင်း ရိပ်မိသွားလိမ့်မည်။

သူ ကြမ်းပြင်ပေါ် ဖြည်းဖြည်းချင်း ထိုင်ချသည်။ သူ့ဦးခေါင်းကို တစ်လက်မ၏ အစိတ်အပိုင်းငယ် တစ်ခုချင်းစာစီ တတိတိ နှိမ့်ချရင်း ပြတင်းပေါက်အောက်ဘောင်နှင့်

BOOKMAN
Publishing House

http://www.cherrythitsar.org



ကွယ်ပစ်လိုက်ဖို့ ကြိုးစားနေမိ၏။ ပြဿနာပဲ...။ ငါ့ကို မြင်များမြင်သွားပြီလား၊ တစ်မျိုးတော့ ထင်သွားတော့မှာပဲ။ အို...ထင်စရာမရှိပါဘူးလေ။ မြင်တော့ကော ဘာဖြစ်သေး လဲ၊ ဟင့်အင်း...ဘယ်ဖြစ်မလဲ၊ ငါ့ကို အထင်သေးသွား မှာပေါ့။ သူ့မျက်လုံးတွေက ပြတင်းပေါက်ဘောင်နှင့် ကွယ် နေပြီဖြစ်သောကြောင့် အပြင်ဘက်ကို မမြင်တော့။

သူ ကြည့်ချင်လာပြန်သည်။ ထိုင်နေလျက်က ခြေဖျား ထောက်ကာ ကိုယ်ကို အနည်းငယ်ကြွပြီး ပြတင်းပေါက်နှင့် မျက်လုံး လွတ်သည်ဆိုရုံကလေး ပြူကြည့်လိုက်သည်။ သူမ ၏ ကိုယ်နေဟန်ထား အပေါ်ပိုင်းကို အနက်ရောင် ပိန်းပိတ် လျက်သား မြင်ရ၏။ ငါ ဘာလုပ်ရမလဲ...ငါ ဘာလုပ် ရမလဲ...။ သူ့မျက်လုံးအထက်က ဦးခေါင်းပိုင်းသည် ပြတင်း အစပ်တွင် ထင်းထင်းကြီး ဖြစ်နေလိမ့်မည်ကို ဖျတ်ခနဲ တွေး လိုက်မိသောကြောင့် ချက်ချင်းပင် ခေါင်းကို ပြန်ငုံ့လိုက်ရ ၏။

အို...ဒီလောက်အဝေးကြီးဟာ ငါကလည်း သူ့မျက် နှာကို မမြင်ရသလို သူကလည်း ငါ့ကို မြင်ရမှာမဟုတ်ပါ ဘူးလေ။ ခပ်တည်တည်ပဲ မတ်တပ်ရပ်ပြီး ကြည့်ပစ်လိုက်ရ အောင်။ ဘယ်သူဘယ်ဝါမှန်း သူမ သိမှာမှ မဟုတ်ဘဲ။ သူကြမ်းပြင်ပေါ်မှ ထရန်ဟန်ပြင်ပြီးမှ ထိုစိတ်ကူးကို ငြင်း

http://www.cherrythitsar.org



ပယ်လိုက်၏။ ဘယ်ဖြစ်မလဲ...၊ ငါ့ကို ဘယ်သူဘယ်ဝါမှန်း မသိပေမယ့် လူတစ်ယောက်က သူမအခန်းကို လှမ်းကြည့် နေတယ်ဆိုတာ သိသွားရုံနဲ့ကို အဲဒီပြတင်းပေါက်မှာ ခန်းဆီး စတွေ တပ်ပစ်လိုက်ဖို့ သူမ ဆုံးဖြတ်မှာ သေချာတာပေါ့။

သည်လိုဆိုလျှင် နောက်ည...နောက်ညများတွင် သူမ အခန်းကို သူ လှမ်းကြည့်နေခွင့် ရတော့မည်မဟုတ်ပါ။ ကဲ... ငါ အဲသလို အဆုံးအရှုံးခံနိုင်လို့လား။ သည်မေးခွန်းကို နှစ်ခါထပ်မေးကြည့်ဖို့ မလိုပါ...၊ ဟင့်အင်း။

နေ့လယ်နေ့ခင်းဘက်မှာ သူမနှင့် မျက်နှာချင်းဆိုင် တွေ့ရဖို့ ကြိုးစားပြီး သူမကို သူ ချစ်နေသည့်အကြောင်း ပြောပြလိုက်လျှင်ကော...။ သည်အတွေးကို သူ ကြိမ်ဖန် များစွာ တွေးကြည့်ခဲ့ဖူးပြီ။ မဖြစ်နိုင်ပါ။ တိတိကျကျပြော ရလျှင် ထိုသို့ဖြစ်စေချင်သည့်ဆန္ဒ သူ့မှာ မရှိပါ။ 'ချစ်သည်' ဟု ပြောပြီးသည်နှင့်တစ်ပြိုင်နက် အရာရာ ကုန်ဆုံးခြောက် သွေ့သွားရင် မခက်ဘူးလား။

အဝါရောင်ကောင်မလေးနှင့် သူ့အဖြစ်ကို ပြန်မြင် ယောင်လာသည်။ အို...အဲသည်လိုအဖြစ်မျိုးတော့ နောက် တစ်ကြိမ် ထပ်မကြုံပါရစေနှင့်။ အား...မွန်းကျပ်လိုက်တာ ကွယ်။ သူ ကြောက်လန့်စိုးထိတ်နေသည်။ သူ့စိတ်ကိုလည်း သူ ပြန်နားလည်ရခက်နေ၏။

BOOKMAN
Publishing House

http://www.cherrythitsar.org



မိန်းမဆိုသည့် သတ္တဝါတစ်ကောင်ကောင်နှင့် ချစ်သူဖြစ်ပစ်လိုက်ရန် သူ့မှာ အကြီးအကျယ် လိုအပ်နေခြင်း မဟုတ်ပါ။ ယခု သူ စွဲလမ်းနေသော အနက်ရောင်ကောင်မလေးကိုပင် ချစ်သူအဖြစ် မျက်နှာချင်းဆိုင်သိမ်းပိုက်ရန် မတောင်းဆိုပါ။ သူမ၏ ခန္ဓာကိုယ် အသားတုံးပုံကြီးကို မတပ်မက်ပါ။

!!!

သူမ၏ အရိပ်ကို တိတ်တိတ်ကလေး ခိုးကြည့်ရုံသာ ကြည့်နေချင်ပါသည်။

⁂

အတော်လေးကြာသွားပြီးသည့်နောက် သူ အသာအယာထ၍ သူမ၏အခန်းကို လှမ်းကြည့်လိုက်သည်။ ပြတင်းတံခါး ပိတ်ထားပြီးလေပြီ။ မီးလည်း မှိတ်ထား၏။

ဩော် ... အခုအချိန်ဆို 'သူမ' အိပ်စက်ခြင်းထဲ တိုးဝင်ကာစပြုလောက်ပြီ။

⁂

မျှော်လင်းချက်အတိုင်း တစ်စုံတစ်ရာကို ရယူပိုင်ဆိုင်နိုင်ပြီးသည့်နောက်တွင် အစတုန်းက ထင်ထားသလောက်

http://www.cherrythitsar.org



စိတ်ပျော်ဝင်မှတ်ဆီ ရောက်ချင်မှ ရောက်မည်ဖြစ်သော်လည်း ...

**လူ့ဘဝမှာ**

**မျှော်လင့်ချက်တွေကို တိတ်တိတ်ကလေး ချောင်းကြည့်နေဖို့ လိုအပ်သည်ပဲ မဟုတ်ဘူးလားဟု သူ တွေးနေမိသည်။**

❒

http://www.cherrythitsar.org



## အခန်း ( ၈ )
## အဝါရောင်မိန်းမ နှင့် အနက်ရောင်မိန်းမ

အိပ်မက်ဆိုတာ
ကိုယ့်စိတ်ကူးတွေက ကိုယ့်ကို ပြန်ပြောပြတဲ့ပုံပြင်ပေါ့၊

ကောင်မလေးရေ ...
မင်းရဲ့ လက်သည်းခွံတွေကို အရောင်ခြယ်ဖို့အတွက်
ငါဟာ ဆိုးဆေးတစ်ပုလင်း မဟုတ်ခဲ့ပါဘူး
(ငါ့ကို ...)
ဆိုးလွယ်ဖျက်လွယ် သဘောမထားပါနဲ့
ငါ့အိပ်မက်တွေက မင်းကို ကျိန်ဆဲကြလိမ့်မယ်...

(၁၉၉၁)

(အောက်စီဂျင်အနမ်း)

BOOKMAN
Publishing House

http://www.cherrythitsar.org

ခရမ်းနုရောင် သစ်ခွတစ်ပွင့်ကို အင်္ကျီအိတ်ကပ်ထဲတွင် ထည့်၍ သိမ်းဆည်းထားပြီး မည်သူမှ ရှိမနေသည့်အခါမျိုးတွင် မကြာခဏ ထုတ်ထုတ်ကြည့်ချင်သည်။ မြတ်နိုးခြင်းဆိုသည်မှာ အဲဒါကို ခေါ်ပါသလား။ နွေရာသီ၏ မြက်ခင်းများအလယ်မှာ သူ့ကို ထားရစ်ခဲ့ပြီ။

ငါ သေဆုံးသွားသည့်အခါ စမ်းချောင်းကလေးနံဘေးမှာ မြှုပ်နှံပေးစေလိုပါသည်။ ငုဝါပန်းတွေ တွဲဆိုင်းကျနေသည့် သစ်ပင်ကြီးတစ်ပင်အောက်မှာပေါ့။ တေးဆိုတတ်တဲ့ ငှက်ကလေး တစ်ကောင်နှစ်ကောင်လည်း လာပါစေ။ သူတစ်ယောက်တည်းဆိုလျှင်တော့ နွေရာသီကို ရင်ဆိုင်ရဲမည်

BOOKMAN
Publishing House

http://www.cherrythitsar.org



မထင်ပါ။ ငါ့ကို မြတ်နိုးပေးနိုင်မယ့်သူ တစ်ယောက်လောက် များ မရှိကြဘူးလား။

'သူမ' သူ့ကို ထားရစ်ခဲ့တော့မည်။

⁂

ရေပြင်ပေါ် ငှဝါပန်းတွေ ကြွေကျနေ၏။

အဝါရောင်ကောင်မလေးက ရေစပ်သို့ ခြေတစ်လှမ်း ဖြည်းလေးစွာ ရွေ့သွားသည်။ သူ ငေးကြည့်နေမိ၏။ ကောင် မလေးက ...

"တို့ကို အိမ်ထောင်ချပေးတော့မယ်"

ရေမျက်နှာပြင်ပေါ် ပေါလောပေါ်နေသည့် ပွင့်ဖတ် ကလေးများ လေအတိုက်တွင် ညင်ညင်သာသာ လှုပ်သွား ကြ၏။ သူကလည်း ခေါင်းကို ညင်ညင်သာသာလှုပ်သည် ဆိုရုံ ညိတ်ပြလိုက်သည်။

ရိုးရိုးကလေးပင် ဖြစ်ပါသည်။ ရုပ်ရှင်တွေ ဝတ္ထုတွေထဲ ကလို အမေ့မှာ နှလုံးရောဂါရှိလို့ပါ...ဘာညာ...ဘာညာ တွေ လျှောက်ပြောနေစရာ မလိုပါ။ အထူးသဖြင့် သည်လို ခေတ်တွင် ချစ်သူကောင်မလေးတစ်ယောက်နှင့် ကောင်လေး တစ်ယောက် လမ်းတွင်ဆုံသည့်အခါ နှုတ်မဆက်ဘဲ မျက်နှာ လွှဲသွားလိုက်ကြရုံမျှနှင့်ပင် အရာရာသည် လွယ်လွယ်ကူကူ ပြီးဆုံးသွားနိုင်ပါသည်။

http://www.cherrythitsar.org



"တို့ ဝမ်းနည်းပါတယ်"

သူ့မှာ သည်လောက်သာ ပြောစရာရှိတော့သည်။

ကောင်မလေးက သူ့ဘက်ကို တစ်ချက်လှည့်ကြည့်သည်။ သူ ကြေကွဲအားငယ်လာ၏။ ငါတို့ သည်လိုနဲ့ပဲ ကွဲကွာသွားကြရတော့မှာလားကွယ်။ အဝါရောင်ကောင်မလေးက သူ့ကို ငေးစိုက်ကြည့်နေဆဲ။ ကဲ ... ငါကကော ဘာတတ်နိုင်မှာလဲကွယ်။ ကြေကွဲနေရင်းမှာပင် သူ့စိတ်ထဲမှာ တစ်စုံတစ်ရာ ဝန်ထုပ်ဝန်ပိုးကို လွှတ်ချလိုက်ရသလို ပေါ့ပါးစပြုလာ၏။

ဟင့်အင်း...။ ငါ တကယ်ကြေကွဲနေတာပါ။ (စိတ်လွတ်လပ်ပေါ့ပါးသွားသည်မှာလည်း တကယ်ပင် ဖြစ်၏။)

သူတို့နှစ်ယောက်စလုံး အသက်ရှူမြန်လာ၏။ ချစ်ခြင်းသည် သူတို့နှစ်ယောက်နှင့်ပတ်သက်၍ တစ်စုံတစ်ရာကို နားလည်းမှု လွဲချော်ခဲ့လေပြီ။ တကယ်တမ်း ခွဲကြရတော့မည်ဆိုသောအခါတွင်မှ ရင်မှာ ဆိုးရွားစွာလစ်ဟာမှုဖြင့် ဟင်းလင်းအထီးကျန်မှုကို ခံစားတတ်တော့သည်။

သူတို့နှစ်ယောက် တစ်ဦးကိုတစ်ဦး တင်းတင်းကျပ်ကျပ် ပွေ့ဖက်လိုက်ကြ၏။

အဝါရောင်ကောင်မလေး၏ မျက်ဝန်းထဲတွင် မျက်ရည်များ အိုင်နေသည်ကို တွေ့ရ၏။ (တကယ့်မျက်ရည်အစစ်

http://www.cherrythitsar.org



တော့ ဖြစ်လောက်ပါရဲ့ဟု သူ ပြဇာတ်ဆန်အောင် တမင် လုပ်တွေးဖြစ်သည်။)

အခုနေများ ကောင်မလေးက ငါနဲ့ ခိုးရာလိုက်မယ်လို့ ပြောရင် ပြဿနာပဲ။ သူ့မှာ ထိုအဝါရောင်ကောင်မလေးနှင့် အိမ်ထောင်ပြုရန် ဘာအစီအစဉ်မှ ရှိမထားပါ။ ရိုးရိုးသား သား ပြောရလျှင် လုံးဝ မစဉ်းစားထားသောကိစ္စ ဖြစ်သည်။ သူ ကြေကွဲနေရာမှ ရုတ်တရက် စိုးရိမ်စိတ်ဝင်လာ၏။ ခိုး ပြေးဖို့ ပြောလာရင် ငါ ဘယ်လိုငြင်းရမလဲ။ အို... ငြင်း လို့ကောင်းပါ့မလား၊ ယောကျ်ားတစ်ယောက်ရဲ့ သိက္ခာဆို တာ...၊

ကောင်မလေးက သူ့ရင်ခွင်ထဲမှ ထွက်လိုက်ပြီး ...

"ရှေ့အပတ်ထဲမှာ ... စေ့စပ်ပွဲ လုပ်ကြလိမ့်မယ်ထင် တယ်"

သူမ စကားကို ခဏဖြတ်သည်။ အသက်ကို ဝအောင် အားယူပြီး ရှူ၏။ နောက် ...

"နောက်... ပြီး၊ စေ့စပ်ပြီးရင် ဒီမှာ မနေရတော့ဘူး၊ တို့နှစ်ယောက် ဘယ်တော့မှ ပြန်တွေ့နိုင်တော့မှာ..."

သူမ ငိုချလိုက်သည်။

သူ့စိတ်တွေ နွမ်းနယ်လာ၏။ မှုန်ရီ ဝေဝါးသော သက်တံတစ်ခုသည် သူမ၏မျက်ရည်တွေထဲ စီမျောပါသွား

http://www.cherrythitsar.org



သည်။ ကော်ကော်ပန်းတစ်ပွင့်သာ ထည့်သွင်းသဂြိုဟ်ထားသည့် အုတ်ဂူပေါ်တွင် သူ လဲလျောင်းနေလျက်သား ဖြစ်နေ၏။ ကြေကွဲရောင်တွေ စေးပျစ်နေသည့် ပန်းချီကားတစ်ချပ်ထဲတွင် သူမ ရှိသည်။

"ဖြစ်နိုင်ရင်... တို့ စေ့စပ်ပွဲမတိုင်ခင် အိမ်ကို ခဏဖြစ်ဖြစ် လာခဲ့ပါ၊ ဘာစကားမှ မပြောရတောင် တို့ သူ့မျက်နှာကို တစ်ခါထပ်မြင်ပါရစေ..."

သူ ခေါင်းကိုသာ ထပ်ညိတ်ပြလိုက်သည်။ အဝါရောင် ကောင်မလေးက သူမ၏အိမ်လိပ်စာပါသော စာအိတ်အဟောင်းတစ်အိတ်ကို ထုတ်ပေးပြီး ...

"တို့ သွားတော့မယ်"

အရိုက်မပြယ်သေးသော စကားသံဖြင့် တိုးတိုးကလေး ပြောသည်။ သူက ကောင်မလေး၏လက်ကို လှမ်းဆွဲထားလိုက်ပြီး ...

"ခဏလေး မင်းလက်ကို ကိုင်ထားခွင့်ပေးပါကွာ...၊ ဒီတစ်ခါ မင်းက ဟိုးအဝေးဆုံးကို သွားမှာမဟုတ်လား"

※

မေလ၏အလယ်ခေါင်တည့်တည့်တွင် သူတစ်ယောက်တည်း မတ်တတ်ရပ်လျက်သား ကျန်နေခဲ့၏။ သူမ တကယ်ပင် အဝေးဆုံးကို ခွဲသွားရက်ပြီ။

http://www.cherrythitsar.org



ဆုံးရှုံးလိုက်ရသူတစ်ယောက်၏ ကြေကွဲအားငယ်စိတ်မျိုးဖြင့် သူဝမ်းနည်းနေမိ၏။ (စိတ်လွတ်လပ်ပေါ့ပါးမှုနှင့် ကောင်းမလေးကို လက်မထပ်ချင်ပါဘဲ ခိုးပြေးစရာမလိုတော့သည်အတွက် ပျော်ရွှင်မှုအနည်းငယ်လည်း အမှန်တကယ်ရှိနေခဲ့ပါသည်။)

သူက ပြီးဆုံးခြင်းကို လက်ယပ်မခေါ်ခဲ့သော်လည်း ပြီးဆုံးခြင်းက သူထံသို့ ရောက်လာခဲ့ပြီ။ အချစ်ရေ . . . ဂွတ်ဘိုင်။

အလွမ်းတွေကို ပန်းခွေလုပ်ပြီး ပို့မနေတော့ပါ။

❋

အဝါရောင်ကောင်မလေး ပေးခဲ့သည့် စာအိတ်အဟောင်းပေါ်မှ လိပ်စာကို ကြည့်လိုက်မိသောအခါ သူ အနည်းငယ် စိတ်အနှောင့်ယှက် ဖြစ်သွားသည်။ သူ့ခြံနှင့် မနီးမဝေးတစ်နေရာတွင်ဖြစ်သည်။ လမ်းချင်းတော့ မတူ။ ဘာဖြစ်လို့ ငါ ဒါကို စောစောကမသိခဲ့တာလဲ။ (ညဘက်တွင် တစ်ညလုံး စာဖတ်ကာ နေမြင့်မှ အိပ်ရာထတတ်ပြီး တစ်နေကုန် အိမ်မှာမရှိသည့် သူ့အကျင့်ကြောင့်လည်း ဖြစ်နိုင်သည်။ ခြံတစ်ဝင်းနှင့်တစ်ဝင်း သီးသီးသန့်သန့် နေထိုင်တတ်ကြပြီး လူနေကျဲပါးသော သူတို့အသိုင်းအဝန်း၏ နေထိုင်မှုစရိုက်ကြောင့်လည်း ဖြစ်နိုင်ပါသည်။)

http://www.cherrythitsar.org



လမ်းနာမည်ကို ဖတ်ကြည့်လိုက်၏။ အသေအချာ ရင်းနှီးနေသော နာမည်ဖြစ်သည်။ သူ့ အိမ်အနောက်ဘက်က လမ်း ဖြစ်နိုင်သည်။ ဖြစ်ဖို့များသည်။

⁂

သူအိမ်ကို စောစောပြန်ဖြစ်၏။ နောက်... သူနေထိုင်ရာလမ်း၏ ထောင့်ချိုးတစ်ဖက်ကို ဖြတ်ပြီး ကျောချင်းကပ်လျက်လမ်းဆီ ကူးခဲ့သည်။ လမ်းနာမည်ကတော့ သေချာသွားပြီ။ သူ အိမ်တွေကို လျှောက်ကြည့်သည်။

သိပ်တော့ မကြည့်ရ။ လမ်းက အတိုကလေးဖြစ်သောကြောင့် တစ်ဖက်လျှင် ပေတစ်ရာပတ်လည် ခြံဝင်းသုံးဝင်းစီသာ ရှိ၏။ အိမ်နံပါတ်ဆိုင်းဘုတ်ပြား သေးသေးကလေးတွေကို ခြံဝင်းအုတ်နံရံသားထဲမှာ နှစ်ကာ ကပ်ထားကြသည်ကိုမြင်ရ၏။ စာအိတ်ပေါ်မှ အိမ်နံပါတ်ကို သူ ရှာကြည့်လိုက်သည်။

အဝါရောင်ကောင်မလေး၏ အိမ်သည် သူ့အိမ်နောက်ဘက်တည့်တည့် ဖြစ်လေသည်။

⁂

စိတ်ထဲမှာ လက်မခံနိုင်သလို ဖြစ်နေ၏။ ဒါ... မဖြစ်နိုင်တာပဲဟု အကြိမ်ကြိမ် ရေရွတ်နေမိသည်။ လူ့ဘဝဆိုသည်မှာ ယုတ္တိမရှိသော ဇာတ်ညွှန်းခပ်ညံ့ညံ့တစ်ပုဒ် ဖြစ်နေ

http://www.cherrythitsar.org



နိုင်ကြောင်း သူ နားလည်ထားပြီးဖြစ်သော်လည်း ရိုးရိုးကလေးပင် နားမလည်သေးသလို ခံစားရလေသည်။

သူ တစ်စုံတစ်ရာကို နှမြောတသ ဖြစ်နေသည်။

⁂ ⁂ ⁂

အလွမ်းတွေ ဥသြဆွဲလိုက်တော့
ငါ့တစ်ကိုယ်လုံး ရထားတွဲကြီး ဖြစ်သွားတယ်...၊
ဘယ်ဘူတာမှာ ရပ်နားရမှာလဲ
လမ်းမတွေပေါ်လျှောက်လျှောက်သွားရင်း
ငါ့နာမည်ခေါ်သံ ကြားမလားလို့ နားစွင့်နေမိရဲ့။

...ညရောက်ပြီလား၊
...အင်း... အဲဒီ'ည'ရောက်မှာကို ကြောက်နေတာ။

⁂ ⁂ ⁂

သံယောဇဉ် မကုန်သေးသော ပြတင်းပေါက်ကလေးဆီ သူ ချောင်းကြည့်မိပြန်လေသည်။ အရင့်အရင်ညများလိုပင် မီးလင်းနေသော အခန်းဆီမှ မိန်းကလေးတစ်ယောက်၏ အရိပ်ကို သူမြင်နေရသည်။

ထိုကောင်မလေးသည် အဝါရောင်ကောင်မလေး ဖြစ်၏။ သူ့စိတ်တွေ အရင်ညတွေလို လှုပ်ရှားလတ်ဆတ်မနေ။

http://www.cherrythitsar.org



သူ မျက်စိကို အတော်ကြာကြာ မှိတ်ထားလိုက်၏။ နောက် …ပြန်ဖွင့်ပြီး ပြန်ကြည့်သည်။ထိုအရိပ်သည် အဝါရောင် ကောင်မလေးပင် ဖြစ်နေပြန်၏။

အင်း… ဘယ်လိုကြည့်ကြည့် အဲဒီ အဝါရောင်ကောင် မလေးပါပဲ။

သူ စိတ်ပျက်လက်ပျက်ဖြင့် ခုတင်ပေါ် ထိုင်ချလိုက် သည်။ အနက်ရောင်အရိပ်မလေးရဲ့ ခန့်ညားမှုတွေ ဘယ်မှာ လဲ၊ လေးစားစရာကောင်းတဲ့ နူးညံ့အင်အားရှိမှုတွေ ဘယ် မှာလဲ၊ မြတ်နိုးခြင်းတွေ ဘယ်မှာလဲ။

သူ အလိုလို ပြန်ထရပ်မိလျှက်သား ဖြစ်သွားသည်။ ပြတင်းပေါက်ဆီ ကပ်သွားပြီး တစ်ခါ ထပ်ကြည့်မိပြန်၏။ သူ့စိတ်ကို မနည်းတင်းထားရသည်။ ခဏလေးပါ…ခဏ လေး… အနက်ရောင်ကောင်မလေးအတွက် ခံစားမှုတွေ ပြန်လာပါ။ ကျေးဇူးပြုပြီး ပြန်လာခဲ့ပါ။

အရိပ်သည် အရိပ်မဟုတ်တော့။ အဝါရောင်ကောင် မလေးစစ်စစ်သာ ဖြစ်နေသည်ကို သူ မတတ်သာဘဲ မြင် လိုက်ရသည်။

သူ့စိတ်တွေ သေဆုံးသွားလေသည်။

❐

http://www.cherrythitsar.org



## အခန်း( ၉ )

...ဩော်...ဒီနေ့ ဟိုဘက်ခြံကို လူသစ်တွေ ပြောင်းလာကြပြီပဲဟု သူ မတော်တဆ သတိပြုမိ၏။

※

...ထိုညက

မီးလင်းနေသော အခန်း ပြတင်းပေါက်ဆီသို့ သူ ချောင်းကြည့်ဖြစ်သည်။

BOOKMAN
Publishing House

http://www.cherrythitsar.org



# အခန်း(၁၀)

ပဟေဠိများသည် တကယ်စင်စစ် ဘာမှမဟုတ်မှန်း အားလုံးက သိကြပြီးဖြစ်သော်လည်း…

လူ့ဘဝဆိုသည်မှာ ထိုပဟေဠိများကို ဖြေကြည့်ရန် ရောက်လာခဲ့ခြင်း ဖြစ်ပါသည်။

မင်းခိုက်စိုးစန်

■

BOOKMAN
Publishing House

http://www.cherrythitsar.org

# မင်းခိုက်စိုးစန်



ခေါင်းပြည့်တတ်သူ
တစ်ယောက်ရဲ့ည

designed by : Lynn Wunna